# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်( ၂၃၁)


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

"နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့"

- ❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ဒေသထွက်သီးနှံများကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဒုတိယသမ္မတ ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးသန့်၊ ဦးမင်းနောင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်း၊ တံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ဒေသထွက်သီးနှံများကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရွှေပြည်တော်ဝင်လမ်းပေါ်ရှိ နေပြည်တော်-တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတား (ပေ၁၃၀၀) တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း လမ်းများအားလုံး အဆင့်မီမီနှင့် စနစ်တကျဖြစ်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီ နယ်မြေအတွင်း မီးရထားလမ်းကူးနေရာများ၌ ခုံးကျော်တံတားများ ဆက်လက်ထည့်သွင်း

*စာမျက်နှာ ၃ ကော်လံ ၁* ❖

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် နေပြည်တော်-တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတား (ပေ ၁၃၀၀) တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**❝ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လမ်းများအားလုံး အဆင့်မီမီနှင့် စနစ်တကျဖြစ်စေရေး အဆင့်မြှင့်တင် ဆောင်ရွက်သွားရမည်ဖြစ်၊ မီးရထားလမ်းကူးနေရာများ၌ ခုံးကျော်တံတားများ ဆက်လက်ထည့်သွင်းတည်ဆောက်နိုင်ရေးအတွက်လည်း စနစ်တကျ တွက်ချက်ဆောင်ရွက်သွားကြရန်လို ❞**




### ယနေ့ ဖတ်စရာ

ကလေးများ ကျောင်းတက်နေခြင်းဟာ အနာဂတ်နိုင်ငံတော် ထွန်းတောက်ခိုင်မာဖို့ပါ

ဆောင်းပါး စာ ၆

### မိုးထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်

နေပြည်တော် မေ ၂၃

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

မိုး/ဇလ

## အနှောင့်အယှက်၊ အဖျက်အဆီးကြားမှ တိုးမြှင့်ဖြန့်ဖြူးနေသည့် လျှပ်စစ်ဓာတ်အား

ရာသီဥတုအပူပြင်းဆုံးအချိန်ဖြစ်သည့် ဧပြီလနှင့် မေလတို့မှာ ဓာတ်အားသုံးစွဲမှုအားဖြင့်လည်း အမြင့်ဆုံးအချိန်ဖြစ်သည်။ ယင်းသို့သောအချိန်ကာလတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူများသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားများကို စိစစ်ထုတ်လုပ်၍ ပြီးခဲ့သည့် ဧပြီလ ၂၂ ရက်နေ့ ညနေ ၃ နာရီမှစတင်ကာ အဆင့်ဆင့်တိုးမြှင့် ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သည်။

ယင်းသို့ ဖြန့်ဖြူးပေးရာတွင် မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွင်း နေ့စဉ် ၁၆ နာရီမှ ၁၈ နာရီ ဓာတ်အားဖြန့်ဖြူးနေမှုအစား ၁၈ နာရီမှ နာရီ ၂၀ အထိလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း နေ့စဉ် ၁၄ နာရီမှ ၁၆ နာရီ ဓာတ်အားဖြန့်ဖြူးနေမှုအစား ၁၆ နာရီမှ ၁၈ နာရီအထိလည်းကောင်း၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များအတွက် နေ့စဉ် ၁၂ နာရီခန့် ဓာတ်အားဖြန့်ဖြူးနေမှုအစား အနည်းဆုံး ၁၄ နာရီအထိလည်းကောင်း အသီးသီးတိုးမြှင့်ဖြန့်ဖြူးပေးခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်သုံးစွဲမှု အမြင့်ဆုံး (Peak Load) ကာလဖြစ်သော ဧပြီလနှင့် မေလတို့အတွင်း ဓာတ်အားဖြန့်ဖြူးပေးနိုင်မှုကို ယခင်နှစ်အလားတူကာလအတွင်း ဖြန့်ဖြူးပေးနိုင်ခဲ့မှုနှင့် နှိုင်းယှဉ်ကြည့်ပါက သိသာစွာတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်းကို တွေ့ရှိရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း ပြည်သူ့ဆေးရုံကြီးများ၊ အရေးကြီးဌာနဆိုင်ရာများ၊ LNG ဖြင့် ဓာတ်အားရယူထားသော စက်မှုဇုန်များ၊ စီးပွားရေးလုပ်ငန်းများသို့ အချိန်ပြည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားပြီး ရုံးပိတ်ရက်များတွင် အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနေသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်နေဆဲဖြစ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများ အမြန်ဆုံးပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ သို့သော် ယင်းစီမံကိန်းများအနက် အချို့မှာ အမျိုးမျိုးသော နှောင့်ယှက်ဟန့်တားမှု ပယောဂများစသည်တို့ကြောင့် အကောင်အထည်ဖော်နိုင်ခြင်းမရှိသလို အချို့သော ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ်များ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းကြီးများမှာလည်း အကြမ်းဖက်ဖျက်ဆီးခံခဲ့ရသည်။

အကြမ်းဖက် ဖျက်ဆီးခံရသည့် ရေအားလျှပ်စစ်စီမံကိန်းများ၊ ဓာတ်အားပေးစက်ရုံသို့ ပို့လွှတ်သည့် ဓာတ်ငွေ့ပိုက်လိုင်းများ၊ မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကို မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအစောင့်အရှောက်နှင့် ပြည်သူများ၏ အကူအညီများကိုရယူပြီး အမြန်ဆုံး ပြန်လည်ပြုပြင်လျက်ရှိရာတွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ထမ်းများ သေဆုံး၊ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပေါ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိသည်။ ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ် အချိုးအစား ( Generation Mix) အနေဖြင့် ရေအား (Hydropower) မှ ၄၇ ဒသမ ၆ ရာခိုင်နှုန်း၊ နေရောင်ခြည် စွမ်းအင် ( Solar and RE) မှ ၁ ဒသမ ၇ ရာခိုင်နှုန်း၊ အပူစွမ်းအင် (Gas + LNG+ Coal) မှ ၅၀ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ပြည်သူလူထုလိုအပ်ချက်၏ ၇၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် စွမ်းအင်အရင်းအမြစ် အမျိုးမျိုး အလုံအလောက်ရှိနေပြီး နှစ်စဉ်တိုးတက်နေသည့် ဓာတ်အားလိုအပ်ချက်ကို ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်သည့် အခြေအနေနှင့်လည်း ပြည့်စုံသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် စီမံကိန်းများ ဆောင်ရွက်ရာတွင် အမှောင့်ပယောဂပေါင်းစုံတို့ဖြင့် ဖျက်လိုဖျက်ဆီးနှောင့်ယှက်မှုများရှိနေသကဲ့သို့ တည်ရှိပြီးဖြစ်သည့် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ စသည်တို့ကို အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများလည်း ရှိနေရာ အဆိုပါအဖျက်လုပ်ရပ်များက နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကို ဖျက်ဆီးနေခြင်းပင်ဖြစ်သည်။ ထို့မျှမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ ပျက်စီးစေရန် ယုတ်မာညစ်ထေးသောအကြံဖြင့် ပြုလုပ်ခြင်းဖြစ်သကဲ့သို့ ပြည်သူလူထု၏ လူမှုစီးပွားဘဝကို နိမ့်ကျစေရန် ရည်ရွယ်ခြင်းလည်းဖြစ်သည်။

လတ်တလောအခြေအနေအရ မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် သုံးစွဲမှုလိုအပ်ချက်ကို ပြည့်မီနိုင်ရေးအတွက် နောက်ထပ်ဖြည့်ဆည်းမှုများစွာ ပြုလုပ်ပေးရန် လိုအပ်နေဦးမည်ဖြစ်သလို အကြမ်းဖက်ဖျက်ဆီးတိုက်ခိုက်မှုများကြောင့်လည်း နောက်ထပ်လိုအပ်ချက်များစွာ ဖြစ်ပေါ်နေသည့်တိုင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အခက်အခဲများစွာကြားမှ လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအပေါ်တွင် လည်းကောင်း၊ ပြည်သူများ လျှပ်စစ်နှင့် စွမ်းအင်ကို ကြောင့်ကြကင်းစွာ အသုံးပြုနိုင်ရေး အသက်နှင့် ခန္ဓာကိုရင်းနှီးကာ ကြိုးပမ်းဆောင်ရွက်နေမှုအပေါ်တွင်လည်းကောင်း အလေးအနက်အသိအမှတ်ပြုကာ အကြမ်းဖက်သောင်းကျန်းသူ ချေမှုန်းတိုက်ဖျက်ရေးတွင် ပြည်သူတစ်ရပ်လုံး နီးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။

### ၂၃ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

### တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် မေ ၂၃ - ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသများ၊ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းသို့ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့ အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ

### အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(အေးသာယာ)ရှိ စစ်မှုထမ်းဟောင်း မိသားစုဝင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေး

နေပြည်တော် မေ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) အေးသာယာမြို့ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (အေးသာယာ)ရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့ဝင်များက အဆိုပါစစ်မှုထမ်းဟောင်းအိမ်ရာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင် စုစုပေါင်း ၁၄၀ တို့ကို သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဆေးဝါးကုသမှုများဆောင်ရွက်ပေးရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (အေးသာယာ)ရှိ စစ်မှုထမ်းဟောင်းမိသားစုဝင်များအတွက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် အခြေခံစက်ချုပ်သင်တန်းနှင့် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄ - ၅ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၈၅ | ၄၇၇၀ | ၄၇၁၀ | ၄၆၀၀ | ၄၇၇၀ | ၄၇၈၅ | ၄၈၃၅ | ၄၆၈၀ | ၄၈၃၅ | ၅၁၅၅ | ၄၇၀၅ | ၄၈၇၅ | ၄၈၁၀ | ၄၇၆၀ | ၄၇၆၀ | ၄၉၇၅ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၆၀ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၄၄၆၀ | ၄၆၄၀ | ၄၅၈၀ | ၄၄၇၅ | ၄၆၄၀ | ၄၆၅၀ | ၄၇၀၀ | ၄၅၅၀ | - | ၅၀၀၅ | ၄၅၇၅ | ၅၀၅၅ | ၄၆၇၅ | ၄၆၃၀ | ၄၆၃၀ | ၄၈၃၀ |
| HSD (50 ppm) | ၅၄၈၅ | ၅၆၇၀ | ၅၆၁၀ | ၅၅၀၀ | ၅၆၇၅ | ၅၆၈၅ | ၅၇၃၅ | ၅၅၈၀ | ၅၇၃၅ | ၆၀၅၅ | ၅၆၀၅ | ၅၇၆၅ | ၅၇၁၀ | ၅၆၆၀ | ၅၆၆၀ | ၅၈၇၅ |
| HSD (10 ppm) | ၅၄၈၅ | ၅၆၇၀ | ၅၆၁၀ | ၅၅၀၀ | ၅၆၇၅ | ၅၆၈၅ | ၅၇၃၅ | ၅၅၈၀ | | ၆၀၅၅ | ၅၆၀၅ | ၅၇၆၅ | ၅၇၁၀ | ၅၆၆၀ | ၅၆၆၀ | ၅၈၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၄၈ | ၄၄၆၈ |
| 95 Ron | ၄၄၁၃ | ၄၅၃၃ |
| HSD (500 ppm) | ၄၂၄၁ | ၄၃၅၆ |
| HSD (50 ppm) | ၅၂၁၉ | ၅၃၃၄ |
| HSD (10 ppm) | ၅၂၁၉ | ၅၃၃၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နေပြည်တော်လေဆိပ်အဝင်လမ်းသစ် ဖောက်လုပ်နေမှုလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးစဉ်။

❖ ရှေ့ဖုံးမှ

တည်ဆောက်နိုင်ရေးအတွက်လည်း စနစ်တကျ တွက်ချက်ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် ယခုနေပြည်တော် – တောင်တွင်းကြီး မီးရထားလမ်း ခုံးကျော်တံတားတည်ဆောက်ခြင်း လုပ်ငန်းအား မိုးမကျမီ ဆောင်ရွက်၍ရသည့် လုပ်ငန်းများအား ဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ရွှေပြည်တော်ဝင် လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများနှင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်လေဆိပ်အဝင် လမ်းသစ်ဖောက်လုပ်နေမှုနှင့် ယာယီသံပေါင်ဘေလီတံတား တည်ဆောက်ရန် ဆောင်ရွက်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယခုလေဆိပ်အဝင်လမ်းသစ်အား နေပြည်တော်မှ လေဆိပ်သို့ လာရောက်သူများနှင့် လေဆိပ်မှ နေပြည်တော်သို့ သွားရောက်သူများ ပိုမိုလျင်မြန်မြန်ဆန်စွာဖြင့် သွားလာရောက်ရှိနိုင်ရေး ရည်ရွယ်ဆောင်ရွက်စေခြင်းဖြစ်ကြောင်း၊ လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စနစ်တကျဖြင့် အဆင့်ဆင့် အဆင့်မြှင့်တင် ဆောက်လုပ်သွားရန်လိုကြောင်း၊ နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် လမ်းအသုံးပြုသူဦးရေနှင့် မော်တော်ယာဉ် အစီးရေတိုးတက်လာနိုင်မှုများအပေါ် ထည့်သွင်းတွက်ချက်၍ လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက်လည်း Master Plan ရေးဆွဲဆောင်ရွက်ထားရှိရန် လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်၌ အရိပ်ရလေကာပင်များကိုလည်း မိုးရာသီအမီစိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ရွှေပြည်တော်ဝင် လမ်းပေါ်ရှိ ရန်ကုန်–မန္တလေး မီးရထားလမ်း ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုများအပေါ် ပျဉ်းမနားမြို့ရှောင်လမ်းမှ ရွှေပြည်တော်ဝင်လမ်းသို့ ဝင်ရောက်သည့် လမ်းအား စနစ်တကျဖြစ်စေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လမ်းများအားလုံးအား စနစ်တကျဖြစ်စေရေးနှင့် နောင်အနာဂတ်တွင် တိုးတက်လာမည့် မြို့ပြလူဦးရေနှင့် ယာဉ်အသုံးပြုမှုများပြားလာနိုင်မှုအပေါ် တွက်ချက်၍ တိုးချဲ့အဆင့်မြှင့်တင် နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ဒေသစိုက်ပျိုးသီးနှံများကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နေမှု**

ထို့နောက် ပျဉ်းမနားမြို့ ကျီးအင်းကျေးရွာရှိ အေးခဲဟင်းသီးဟင်းရွက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း (Myanmar Agri Foods Co.,Ltd.)သို့ ရောက်ရှိလေ့လာရာ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဒေသတွင်းမှ ထွက်ရှိသည့် ရုံးပတီသီး၊ ဟင်းနုနယ်၊ ဗိုလ်စားပဲ၊ သရက်သီးနှင့် ပဲအမျိုးမျိုးတို့ အပါအဝင် ဟင်းသီးဟင်းရွက်မျိုးစုံအား အေးခဲဟင်းသီးဟင်းရွက်များထုတ်လုပ်၍ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနေမှု အခြေအနေများ၊ အခြေခံလုပ်တန်းစားများ၏ တစ်ဦးချင်း ဝင်ငွေတိုးတက်စေရေး ဆောင်ရွက်ပေးနိုင်မှု၊ ကန်ထရိုက်လယ်ယာ စိုက်ခင်းများမှ ကုန်ကြမ်းများကို ၉၉ ရာခိုင်နှုန်းအထိ အသုံးပြုထုတ်လုပ်လျက်ရှိမှု၊ အရည်အသွေး ပြည့်မီသည့် ထုတ်ကုန်အသစ်များအတွက် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များ၊ လက်ရှိဈေးကွက်ရရှိမှု အခြေအနေများနှင့် ယင်းကို အခြေခံ၍ အာရှဈေးကွက်၊ ဥရောပဈေးကွက်များသို့ တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက နိုင်ငံ့အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး လက်ရှိရရှိပြီးဖြစ်သည့် ဈေးကွက်ကို အဓိကရည်ရွယ်၍ ဆက်လက် တိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စုပေါင်းသမဝါယမစနစ်ဖြင့်လည်း ဆောင်ရွက်၍ ရနိုင်ကြောင်း၊ ဟင်းသီးဟင်းရွက်များအား Green House များဖြင့် တစ်အုပ်တစ်မရာသီမရွေး စိုက်ပျိုးထုတ်လုပ်နိုင်အောင် သုတေသနပြုလုပ်၍ ဆောင်ရွက်သွားမည်ဆိုပါက ကုန်ကြမ်းသီးနှံများ ပိုမိုရရှိနိုင်မည်ဖြစ်ပြီး ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ကာ ပြည်တွင်း ပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း။

ကုန်ထုတ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကြမ်းမှစ၍ သုံးစွဲသူလက်ဝယ်သို့ ရောက်ရှိသည်အထိ အဆင့်အားလုံးကို ချိတ်ဆက်ထားသည့် ထောက်ပံ့ရေးကွင်းဆက် (Supply Chain) ကို စနစ်တကျစဉ်းစားတွက်ချက်ဆောင်ရွက်သွားရန် လိုကြောင်း၊ စိုက်ပျိုးမြေများကိုလည်း အကျိုးရှိအောင်အသုံးချသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ယင်းနောက် ကုမ္ပဏီအတွင်း အေးခဲဟင်းသီးဟင်းရွက် ထုတ်လုပ်နေမှုလုပ်ငန်း ဆောင်ရွက်နေမှု အဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူဖြစ်သည့်လုပ်ငန်းတစ်ခုဖြစ်သဖြင့် လုပ်ငန်းတိုးချဲ့နိုင်ရေးနှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့်လည်း လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားနိုင်ရေး လမ်းညွှန်မှာကြားသည်။

**ရေနုတ်မြောင်းများ စနစ်တကျရှိစေရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး**

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ရန်ကုန်–မန္တလေး လမ်းဟောင်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး အိုင်စောက်ကျေးရွာအနီးနှင့် ပင်လောင်းလမ်းဆုံ နေရာတို့၌ လမ်းဘေးဝဲယာတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် အေးမြင့်သာယာ တံတား(ဆင်သေချောင်းကူး) သို့ ရောက်ရှိပြီး ဆင်သေချောင်းတစ်လျှောက် ချောင်းကမ်းပါးများအား သဘာဝဘေးဒဏ် ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးတို့အတွက် ရေကြောင်း ထိန်းသိမ်းခြင်း လုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်သွားရန်၊ တံတားနေရာများ၌လည်း ကြံ့ခိုင်မှုစစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင် ပျဉ်းမနားမြို့ ကျီးအင်းကျေးရွာရှိ အေးခဲဟင်းသီးဟင်းရွက် ထုတ်လုပ်တင်ပို့ခြင်းလုပ်ငန်း (Myanmar Agri Foods Co.,Ltd.)၌ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာညီလာခံသို့ တက်ရောက်

**နေပြည်တော် မေ ၂၃**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌ H.E. Mr. Valery D. Zorkin ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ "ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြီးကြပ်ထိန်းကျောင်းခြင်းနှင့် မျက်မှောက်ကာလ ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ညီလာခံသို့ မေ ၁၉ ရက်မှ ၂၁ ရက်အထိ တက်ရောက်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာညီလာခံသို့ မြန်မာနိုင်ငံအပါအဝင် အာရှဒေသဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions– AACC)၊ အဖွဲ့ဝင်နိုင်ငံများရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌနှင့် တရားသူကြီးများ၊ အခြားဖိတ်ကြားထားသော ဥပဒေပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ကြသည်။

ညီလာခံတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကြီးကြပ်ထိန်းကျောင်းခြင်းနှင့် မျက်မှောက်ကာလ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများဖြစ်ကြသည့် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ကြုံတွေ့ရသည့် တရားစီရင်ရေး အခက်အခဲများ၊ နိုင်ငံသားများ၏ ပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေးကို ကာကွယ်စောင့်ရှောက်မှုများ၊ နည်းပညာများတိုးတက်ပြောင်းလဲလာသည်နှင့်အမျှ တရားစီရင်ရေးတွင် ဉာဏ်ရည်တု (Artificial Intelligence) သက်ရောက်မှုများနှင့်စပ်လျဉ်း၍ အတွေ့အကြုံများကို တက်ရောက်လာကြသူများနှင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူကျိုးမြို့၌ ကျင်းပသည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်နှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှုဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး တက်ရောက်

**နေပြည်တော် မေ ၂၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Wang Wentao ၏ ဖိတ်ကြားချက်အရ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စူကျိုးမြို့၌ ယမန်နေ့ကကျင်းပသည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Regional Comprehensive Economic partnership Agree– ment – RCEP) နှင့် ပစိဖိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံမှု ဘက်စုံတိုးတက်ရေး သဘောတူစာချုပ် (Comprehensive and progr– essive Agreement for Trans– Pacific partnership – CPTPP) တို့၏ အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်သို့ ပြန်လည်ရောက်ရှိသည်။




ဆွေးနွေးပွဲကို RCEP နှင့် CPTPP သဘောတူစာချုပ်များတွင် ပါဝင်သောနိုင်ငံများအကြား နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုနှင့် လွတ်လပ်သော ကုန်သွယ်မှုကို ထောက်ခံရန်၊ ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သည့် စည်းမျဉ်းအခြေခံသည့် ကုန်သွယ်မှုစနစ်ကို ထိန်းသိမ်းရန်နှင့် စက်မှုနှင့်ထောက်ပံ့ရေး ကွင်းဆက်များ တည်ငြိမ်မှုရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး သဘောတူစာချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများ၊ စီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာကုန်သွယ်ရေးကိုယ်စားလှယ် (Full Minister Rank)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Li Chenggang က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက နိုင်ငံစုံ ပူးပေါင်းဆောင်ရွက်မှုနှင့် လွတ်လပ်သောကုန်သွယ်မှုကို ထောက်ခံရေး၊ ပွင့်လင်းမြင်သာပြီး စည်းမျဉ်းအခြေခံသည့် ကုန်သွယ်မှုစနစ်ကို ထိန်းသိမ်းရေး၊ စက်မှုနှင့်ထောက်ပံ့ရေးကွင်းဆက်များ တည်ငြိမ်မှုရှိစေရေး၊ RCEP နှင့် CPTPP သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းလမ်းများနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးကြသည်။

ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ပွင့်လင်းပြီး စည်းမျဉ်းအခြေပြု နိုင်ငံစုံကုန်သွယ်ရေးစနစ်ကို အခိုင်အမာထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံအပေါ်အချို့သောနိုင်ငံများက စီးပွားရေးပိတ်ဆို့မှုများရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစုံကုန်သွယ်ရေးစနစ်အတွင်း ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုများမှ တစ်ဆင့် အကျိုးကျေးဇူးများစွာ ရရှိသည်ကို အသိအမှတ်ပြုပါကြောင်း၊ အဆိုပါ နိုင်ငံစုံကုန်သွယ်ရေးစနစ်သည် ကုန်သွယ်ရေးဆိုင်ရာ အခွင့်အလမ်းများနှင့် စီးပွားရေး ကြံ့ကြံ့ခံနိုင်စွမ်းကို အထောက်အကူများစွာ ပြုပါကြောင်း၊ မိမိတို့၏ လုပ်ငန်းဆောင်ရွက်ချက်များသည် စီးပွားရေးကိုသာ အဓိကရှေးရှုလုပ်ဆောင်ခြင်းဖြစ်ပြီး နိုင်ငံရေးရည်ရွယ်ချက် မပါရှိပါကြောင်း၊ ညီမျှပြီးတည်ငြိမ်သည့် ကုန်သွယ်ရေးဝန်းကျင်ကောင်းကို ရရှိစေရန် ပို့ကုန်၊ သွင်းကုန်နိုင်ငံများအနေဖြင့် ကုန်သွယ်ရေးဆိုင်ရာ အကောက်ခွန်မူဝါဒများကို မျှတ၍ အပြန်အလှန်အကျိုးဖြစ်ထွန်းစေရေး ဆောင်ရွက်သင့်ပါကြောင်း၊ သင့်လျော်သည့် ကုန်သွယ်ရေးအခွန်နှုန်းထားများကို ထားရှိစေခြင်းဖြင့် နိုင်ငံအချင်းချင်း ကုန်သွယ်မှုကို တိုးမြှင့်လာနိုင်မည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့အပြင် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး၊ ဒီဂျစ်တယ်နှင့်အစိမ်းရောင်စီးပွားရေး (Green Economy) ကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်း ဆောင်ရွက်ရေးတို့ကို အလေးပေးမြှင့်တင်ရန် လိုအပ်ကြောင်းနှင့်ဒေသတွင်းပေါင်းစည်းမှု ခိုင်မာစေရန် RCEP နှင့် CPTPP သဘောတူ စာချုပ်များအကြား ချိတ်ဆက်မှုမြှင့်တင်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၃**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။



### ကြိုတင်ချိတ်ဆက်

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နိုင်ငံတော်သမ္မတရုံးသည် မတ် ၂၂ ရက် ရက်စွဲဖြင့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ဥက္ကဋ္ဌအဖြစ် ဆက်စပ်ဝန်ကြီးဌာနများမှ အဖွဲ့ဝင်ကိုယ်စားလှယ် စုစုပေါင်း ၂၂ ဦး ပါဝင်မှုဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ချင်းပြည်နယ်အတွင်း တွန်းဇံ၊ ဖလမ်းနှင့် တီးတိန်မြို့နယ်များ ပြန်လည်ထူထောင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ရန်နှင့်လိုအပ်ပါက လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်၊ ပြန်လည်ထူထောင်ရေး ကိစ္စရပ်များအတွက် တက်ရောက်လာသည့် ဌာနဆိုင်ရာကိုယ်စားလှယ်များက ချင်းပြည်နယ်အတွင်းရှိ မိမိတို့ဌာနများနှင့် ကြိုတင်ချိတ်ဆက်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဌာနအလိုက် ဆောင်ရွက်မည့် အခြေအနေကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ရေဝတီတိုင်းဒေသကြီးရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူမျိုးစုအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရေဝတီ မေ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်သည် ရေဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမင်းဦးနှင့်အတူ ယမန်နေ့က ရေဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းအုပ်၊ ဝန်ထမ်းများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ဆရာ ဆရာမများနှင့် နည်းပြများအနေဖြင့် ကျောင်းသား ကျောင်းသူများအား နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများ ဖြစ်အောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန် မှာကြားပြီး ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ဘိုကလေးမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်၊ ဝန်ထမ်းများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့တွင် ပုသိမ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ လပွတ္တာမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြား၍ ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် လပွတ္တာမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းသို့ရောက်ရှိပြီး သင်တန်းသားများ၏ လက်ကိုင်ဖုန်းပြင်သင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ ဆောက်လုပ်ရေး သင်တန်းများတွင် ဘာသာရပ်အလိုက် လက်တွေ့သင်ကြားနေမှုနှင့် ဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ရန်ကုန်တိုင်းဒေသကြီးရှိ စံနမူနာပြရွှေ့ပြောင်းဥပဒေရုံးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စံနမူနာပြ ရွှေ့ပြောင်းဥပဒေရုံးများအဖြစ် ဆောင်ရွက်နေသည့် သဃ်န်းကျွန်းခရိုင်၊ သာကေတမြို့နယ်၊ သန်လျင်ခရိုင်၊ အလုံခရိုင်၊ အလုံမြို့နယ်၊ စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့ရှိ ရွှေ့ပြောင်းဥပဒေရုံးများနှင့် သန်လျင်မြို့နယ်ရှိ ဥပဒေရုံးသစ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရွှေ့ပြောင်းဥပဒေရုံးများ ဖွင့်လှစ်ခြင်းဖြင့် ဥပဒေအရာရှိများ ကိုယ်ကျင့်သိက္ခာနှင့်လျော်ညီစွာ နေထိုင်ရေး၊ ဥပဒေပညာရပ်များ ကျွမ်းကျင်တိုးတက်စေရေးအပြင် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မှတ်ပုံတင်ရေးသွင်းခြင်း၊ အစီရင်ခံစာပေးပို့ခြင်းတို့ကို Manual စနစ်မှ Digitization စနစ်သို့ ကူးပြောင်းနိုင်ရန် အမှုလိုက်ဥပဒေအရာရှိနှင့် တာဝန်ခံဥပဒေအရာရှိများကြား နည်းပညာအသုံးပြုခြင်းဖြင့် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန်နှင့် ရွှေ့ပြောင်းဥပဒေရုံးများတွင် တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း (Pre – Trial Interview, PTI) များကို ဆောင်ရွက်နိုင်ရန် စံနမူနာပြုစမ်းသပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးရှိ တောင်ငူမြို့နယ် ဥပဒေရုံး၊ ပဲခူးခရိုင်နှင့် ပဲခူးမြို့နယ်ဥပဒေရုံးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)နှင့် သန်လျင်ခရိုင်အတွင်းရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၃

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ သွားရောက်ပြီး တက္ကသိုလ်မှ ဝန်ထမ်းများ၊ သန်လျင်ခရိုင်အတွင်းမှ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဆရာ ဆရာမများအနေဖြင့် စွမ်းရည်ရှိပြီး တက္ကသိုလ်၏ မျှော်မှန်းချက်အတိုင်း ကျောင်းသား ကျောင်းသူများကိုအမှန်တကယ်တတ်မြောက်ရေး သင်ကြားပေးရန် လိုအပ်ကြောင်း၊ သမဝါယမစနစ်၊ လူမှုစီးပွားဖွံ့ဖြိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ကျောင်းသား ကျောင်းသူများ သိရှိစေရေး သင်ကြားပေးရန်နှင့် ပြန်လည်အသုံးချနိုင်ရန် လိုအပ်ကြောင်း၊ စနစ်ကျသည့် စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများ ဖြစ်စေရေးနှင့် သမဝါယမစနစ်ဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ အောင်မြင်ရေး၊ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြု၍ တန်ဖိုးမြင့်ထုတ်ကုန် (Value Added)များ ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ဝင်းအတွင်းရှိ တက္ကသိုလ်အဝင်မုခ်ဦးနှင့် အဓိပတိလမ်း၊ တက္ကသိုလ်စာကြည့်တိုက်၊ စာသင်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများနှင့် အားကစားရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်မြင့် အမျိုးသားပြတိုက်(ရန်ကုန်) ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မြင့်သည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)သို့ ရောက်ရှိစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် Digital Museum အဆင့်မြှင့်တင်နိုင်ခြင်း ဆောင်ရွက်နေပြီဖြစ်၍ အမြန်ပြီးစီးအောင် တွန်းအားပေးဆောင်ရွက်သွားရန်၊ အများပြည်သူများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ချစ်ခင်မြတ်နိုးလေးစားတန်ဖိုးထားစိတ်များ ဖြစ်ပေါ်လာစေရန်နှင့် မျိုးချစ်စိတ် ရှင်သန်ထက်သန်လာစေရေး အသိပညာပေးလှုံ့ဆော်မှုများ ပြုလုပ်ပေးရာတွင် ဆိုရှယ်မီဒီယာများမှတစ်ဆင့်လည်း အသိပညာပေးမှုများ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် အမျိုးသားပြတိုက်(ရန်ကုန်) မြေညီထပ်ရှိ သီဟာသနပလ္လင်ပြခန်း၊ မြန်မာ့အက္ခရာနှင့် လက်ရေးမူပြခန်းနှင့် ပထမထပ်ရှိ မင်းခမ်းတော်ပစ္စည်းများပြခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြန်မာ့မြေပေါ်တွင် မိမိတို့ ဘိုးဘွားများ စဉ်ဆက်မပြတ်နေထိုင်ခဲ့သည့် သမိုင်းအမှန်ကို ကြည့်ရှုသူများ နားလည်သိမြင်အောင် ရှင်းလင်းချက်များ ပြကွက်များဖြင့် ပြသသွားရန်လိုကြောင်း၊ လူငယ်များ ပြတိုက်ကြည့်ရှုလိုစိတ်ရှိစေရန် ဖိတ်ခေါ်ခြင်း၊ ရှင်းလင်းပြသခြင်းများ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# ကလေးများကျောင်းတက်နေခြင်းဟာ အနာဂတ်နိုင်ငံတော်ထွန်းတောက်ခိုင်မာဖို့ပါ

*ဒေါက်တာမောင်သင်း*

### ကျောင်းဆိုတာ လူ့အဖွဲ့အစည်းတိုးတက်ဖို့ အစပြုရာနေရာပါ

မြန်မာတို့၏ "ကျောင်း" ဆိုသည့် အဓိပ္ပာယ်က ထိန်းကျောင်းဟူသော ဝေါဟာရမှ ဆင်းသက်လာသည်ဟု ဆိုပါသည်။ ကလေးများကို ယနေ့မှစ၍ ဘဝပြီးဆုံးသည့်အချိန်ထိ ကိုယ့်ကိုယ်ကိုယ် ကောင်းမွန်စွာထိန်းကျောင်းတတ်အောင် လေ့ကျင့်ပေးသောနေရာပါ။ အများမြင်သလို စာချည်းသက်သက် သင်ပေးသည့်နေရာမဟုတ်ပါ။ စာရေး၊ စာဖတ်တတ်မြောက်မှုနှင့် စာပါအကြောင်းအရာများကို အခြေပြု၍ လူ့စွမ်းရည်များဖွံ့ဖြိုးအောင် လေ့ကျင့်ပေးသည့်နေရာပါ။ အဆိုပါ တန်ဖိုးမြင့်စွမ်းရည်ကို ကလေး၏ အသက်အရွယ်နှင့်အညီ ထက်မြက်လာ၊ တန်ဖိုးတက်သည်ထက် တက်လာအောင် လေ့ကျင့်ပေးရပါသည်။ ထိုကဲ့သို့ လူသား၏ မွေးရာပါဗီဇကို ထက်သထက်ထက်လာ၊ မြက်သထက်ပိုလာအောင် စနစ်တကျ ဆောင်ရွက်သည့် လုပ်ငန်းကို ကမ္ဘာ့တစ်လွှားတွင် ပညာရေးဟု သုံးနှုန်းကြပါသည်။ ပညာရေးကို ရှေ့တန်းမှ အကောင်အထည်ဖော်သည့်နေရာမှာ "ကျောင်း" များပင်ဖြစ်ပါသည်။ လူသားတို့ ယဉ်ကျေးလာသည့်အချိန်မှစ၍ "ကျောင်း" သည် ပုံစံအမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့သည်မှာ ယနေ့အထိပင်ဖြစ်ပါသည်။

ကျောင်းဖြင့် ပညာရေးကို အကောင်အထည်ဖော်ခြင်းဖြစ်၍ "ကျောင်းသင်ပညာရေး" ဟုလည်း သုံးနှုန်းကြပါသည်။ ကျောင်းသင်ပညာရေးက ကျွန်တော်တို့ကလေးများကို လူကောင်း၊ လူတော်ဖြစ်အောင်၊ ထက်မြက်သူဖြစ်အောင်၊ အောင်မြင်သည့် ခေါင်းဆောင်များဖြစ်လာအောင် လေ့ကျင့်ပေးမည် ဖြစ်ပါသည်။

### လူနှင့်တိရစ္ဆာန်တို့၏ အဓိကခြားနားချက်

(၁) တိရစ္ဆာန်တို့တွင် သားသမီး(သို့) နောက်မျိုးဆက်ကို စုပေါင်းလေ့ကျင့်သင်ကြားပေးသည့် အလေ့အထမရှိပါ။ လူသားကဲ့သို့ ကျောင်းမရှိပါ။ မိဘကသာ သူ့ဘဝတစ်သက်စာ အတွေ့အကြုံလောက်ကို သူ့သားသမီးကို သင်ပေးနိုင်သည်။ ဥပမာ- အစာရှာခြင်း၊ အန္တရာယ်ကိုရှောင်ကွင်းခြင်းနှင့် သားသမီးကိုပြုစုခြင်း၊ ကာကွယ်ခြင်းတို့ ဖြစ်ပါသည်။ ထိုထက်မပိုပေ။

(၂) စာပေမရှိ၍ စာမဖတ်တတ်သဖြင့် တိရစ္ဆာန်မျိုးဆက်တို့သည် ရှေးဘိုးဘေးဘီဘင်တို့၏ နောက်မျိုးဆက်အတွက် ချန်ထားခဲ့သည့် ဆောင်ရန်၊ ရှောင်ရန်၊ လုပ်သင့်၊ လုပ်ထိုက်သည်တို့ကို မှတ်တမ်းထားနိုင်ခြင်းလည်းမရှိ၊ မှတ်တမ်းကို ဖတ်နိုင်သူ၊ စာတတ်သူလည်းမရှိပေ။ သို့အတွက် တိရစ္ဆာန်လောက မတိုးတက်ခဲ့ပေ။ တိရစ္ဆာန်လောကတွင် စာပေလည်းမရှိသလို စာဖတ်တတ်သူလည်း မရှိပါ။ လူဖြစ်ပါလျက်၊ စာမတတ်၊ စာမဖတ်တတ်ပါက တိရစ္ဆာန်ဘဝနှင့်မခြားသည့် တိုးတက်မှုကင်းသော လူသားသာဖြစ်ပါလိမ့်မည်။

### ကလေးများ၏ အနာဂတ်ကောင်းမွန်ရေးအတွက် အသင့်ပြင်ဆင်ပေးသည့်နေရာ

တကယ်တော့ ပညာရေးမှာ လူကို ပြင်ပေးသည့် အလုပ်ပါ။ "လူပြင်" သည်ဆိုရာဝယ် ပျက်နေသည့် အရာကို ပြင်ဆင်ခြင်းမဟုတ်ပါ။ အသင့်အနေအထား ဖြစ်စေရန် "ကြိုတင်ပြင်ဆင်ထားခြင်း" ပါ။ စွမ်းရည်ပြည့်ပြည့်ဖြင့် အသင့်အနေအထားဖြစ်အောင် ပြင်ဆင်ထားခြင်းကြောင့် "လူကို အသင့်ပြင်သောနေရာက ကျောင်းပါ" ဟူ၏။ ကျွန်တော်တို့ သားသမီးများ အနာဂတ်ဘဝတစ်လျှောက် ကောင်းသလောက် တော်သည့်သားကောင်းသမီးမွန်များ အဖြစ် ကိုယ်ကိုယ့်ကိုယ် ထိန်းကျောင်းနိုင်သည့် ထူးချွန်လူသားဖြစ်အောင် လေ့ကျင့်ပေးတာပါ။ တစ်ယောက်တည်းမဟုတ်ပါ။ လေ့ကျင့်ပေးခြင်းကလည်း စုစုဝေးဝေးမို့ ကျွန်တော်တို့ ကလေးများ မိသားစုဝင်မဟုတ်သည့် အခြားသူများနှင့် ပေါင်းတတ်၊ သင်းတတ် နေထိုင်တတ်လာမည်၊ လူဖြစ်လာပြီး လူသားပထမဆုံးတတ်ရမည့် အရည်အချင်းက "မိတ္တဗလ" ပါ။ "လူအချင်းချင်း ပေါင်းသင်းဆက်ဆံတတ်ခြင်း" ပါ။

တစ်သက်လုံး သင့်သားသမီး အခြားသူများနှင့် မပေါင်းဘဲ တစ်ယောက်တည်းနေသွားမည် မဟုတ်ပါ။ မိသားစုနှင့်အိမ်နီးနားချင်းလောက်သာ ပေါင်းသင်းတတ်ရုံဖြင့်လည်း မလုံလောက်သေးပါ။ သူ့ဘဝမှာ လူပေါင်းသိန်းသန်းချီသော လူစိမ်းသူစိမ်းများနှင့် ကြုံရဆုံရပါလိမ့်မည်။ ထိုသူများနှင့် သဟဇာတဖြစ်အောင် နေထိုင်ဆက်ဆံပြောဆိုနိုင်ရပါမည်။ ထိုသို့လူမှုဆက်ဆံရေး ချောမွေ့အဆင်ပြေစေရန် ကျောင်းများက စုစုဝေးဝေး လေ့ကျင့်ပေးခြင်းပါ။

ကျွန်တော်တို့ နောင်အနှစ် ၂၀ တွင် ဖြစ်ပေါ်လာမည့် လူ့အဖွဲ့အစည်းက ဘယ်လိုပုံစံဆိုတာ မှန်းဆကြည့်ကြရအောင်။ ကျောင်းက ကျွန်တော်တို့၏ ကလေးများ အနည်းဆုံး နောင်လာမည့်နှစ် ၂၀ ၌ ကြုံရ၊ ဆုံရမည့်လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များအတွက် အသင့်အနေအထားဖြစ်အောင် ကြိုတင်ပြင်ဆင်ပေးနေခြင်းပါ။

"ကျောင်း" နှင့် "စာသင်ခန်း" သည် နောင်အနာဂတ်တွင် ပေါ်ထွန်းလာမည့် "အစောဆုံး လူ့အဖွဲ့အစည်း"၊ တစ်နည်းအားဖြင့် "လူ့အဖွဲ့အစည်း၏ အစပြုနေရာ" ပင်ဖြစ်ပါသည်။ ကျွန်တော်တို့သည် နောင်နှစ် ၂၀ တွင် ဖြစ်ပေါ်လာမည့် လူ့အဖွဲ့အစည်း၏အနေအထားကို သိချင်၊ မြင်ချင်လျှင် ယနေ့ပညာရေးကို အကောင်အထည်ဖော်နေသည့် ကျောင်းနှင့်စာသင်ခန်းကို သွားကြည့်ပါ။ ကျွန်တော်တို့ကလေးများ နောင်နှစ် ၂၀ အကြာ ဘယ်လိုလူမှုအဖွဲ့အစည်းမှာနေမည်။ ဘယ်လောက်တော်၍ လူ့တန်ဖိုးများ မြင့်နေမည်ဆိုသည်ကို သိလာပါလိမ့်မည်။

အင်္ဂလန်ဝန်ကြီးချုပ် ဘင်ဂျမင်ဒစ္စရေးလီက လွန်ခဲ့သည့်နှစ် ၁၅၀ ကျော်ကပင် "ကလေးတွေရဲ့ ယနေ့ပညာရေးအခြေအနေကိုသိရင် အဲဒီနိုင်ငံရဲ့ အနာဂတ် ကောင်းမကောင်း ကျွန်တော်ဟောကိန်း ထုတ်နိုင်ပါတယ်" ဟု ရဲဝံ့စွာပြောဆိုခဲ့ခြင်းပါ။ ကလေးများ၏ ယနေ့ ပညာရေးအခြေအနေသည် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်း၌ ပညာသင်နေခြင်း ဖြစ်ပါသည်။ နောင်အနှစ် ၂၀ ကျော်အကြာ ပေါ်ထွန်းလာမည့် လူ့အဖွဲ့အစည်းတွင် ကျွန်တော်တို့ ကလေးများ တော်သလောက် ကောင်းသူဖြစ်လာစေရန် ယနေ့ကျောင်းအပ်ရာသီ၌ ကျောင်းများကိုပို့ပြီး လေ့ကျင့်ခံကြပါဟု တိုက်တွန်းပါရစေ။

ကျောင်းများက အာမခံသည်မှာ သင့်အိမ်မှာ ထက် သင့်ကလေး၊ ပိုတော်၊ ပိုတတ်၊ ပိုလိမ္မာပြီး ကိုယ်ကျင့်တရား ပိုကောင်းစေရမည်၊ လူမှုဆက်ဆံရေး ပိုမိုချောမွေ့လာစေရမည်ဆိုတာပါပဲ။ ကလေးတစ်ဦးချင်း၏ ဖွံ့ဖြိုးရေးအနာဂတ်အစ စာသင်ကျောင်းများကပါ။ နိုင်ငံတော်၏ အနာဂတ်သည် ယနေ့ကလေးများ တော်သလောက် ကောင်းသည့် အပေါ်တွင် တည်မှီနေခြင်းကြောင့် လူကောင်းလူတော်ဖြစ်အောင် လေ့ကျင့်ပေးသည့်ကျောင်းသို့ သွားဖြစ်အောင် သွားကြပါ။ မိဘများကလည်း ပို့ဖြစ်အောင် ပို့ပေးကြပါ။

### လူ့တန်ဖိုး ထက်မြက်စေရန် လေ့ကျင့်ပေးသောနေရာသည် ကျောင်းပါ

ပညာရေးအကောင်အထည်ဖော်မှုဆိုတာ နိုင်ငံတိုင်းတွင် ရှိပါသည်။ ပညာရေးမရှိသည့် လူ့အဖွဲ့အစည်း ယနေ့တိုင် မရှိသလောက်ပါ။ ပညာရေး ကောင်းမွန်အောင်သာ ကြိုးပမ်းနေကြသည်။ ပညာရေးကို ရှေ့တန်းကအကောင်အထည်ဖော်နေသည့် နေရာများက ကျောင်းများပါဟု ထပ်ပြောပါရစေ။ ကျောင်းသည် လူအစည်ကားဆုံးရှိနေရမည့် မင်္ဂလာရပ်ဝန်းပါ ဆိုတာ အမြင်ရှင်းရှင်းဖြင့် ကြည့်တတ်ရန် လိုပါသည်။ ကျောင်းများက ကလေးများကို အရည်အသွေးမြင့်လာအောင်၊ တန်ဖိုးမြင့် လူသားတစ်ယောက်အဖြစ်ပေါ်ထွန်းလာအောင် လေ့ကျင့်ပေးနေခြင်းပါ။ လူ့တန်ဖိုးမြင့်ပြီး ကောင်းမြတ်သည့် လူ့စွမ်းရည်ဆိုသည်မှာ -

(က) ကိုယ်ခန္ဓာကျန်းမာဖွံ့ဖြိုးမှု၊

(ခ) အခြေခံကျန်းမာရေးအသိရှိမှု၊

(ဂ) လူမှုဆက်ဆံရေးကောင်းမွန်မှု၊ စိတ်ခံစားမှုကို ထိန်းသိမ်းစွမ်းရည်မြင့်မားမှု၊

(ဃ) ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် ယင်းကို လေးစားတန်ဖိုးထားမှု၊

(င) တစ်ဖက်သားကို စာနာတတ်မှု၊ ရိုင်းပင်းကူညီတတ်မှု၊

(စ) လိမ္မာယဉ်ကျေးစွာ ပြုမူပြောဆိုမှုနှင့် စိတ်ထားနူးညံ့မှု၊

(ဆ) အနုပညာခံစားလိုစိတ်ဖွံ့ဖြိုးမှု၊

(ဇ) ကျိုးကြောင်းညီညွတ်စွာ အခက်အခဲကို ချဉ်းကပ်ကျော်လွှားနိုင်မှု၊

(ဈ) လူ့အဖွဲ့အစည်း၏ စည်းကမ်းနှင့် ဥပဒေများကို တန်ဖိုးထားလေးစားလိုက်နာမှု၊

(ည) မတူကွဲပြားမှုကို နားလည်လက်ခံပူးပေါင်းဆောင်ရွက်နိုင်မှုတို့ ဖြစ်ပါသည်။

အထက်ပါအရည်အသွေးများက ကျောင်းကိုသွား၍ အလေ့အကျင့်ခံကလေးတိုင်း မဖြစ်မနေ ပေါ်ထွန်းလာမည့် အရည်အသွေးများပါ။

ပန်းတနော်မြို့၌ ဦးသန့် အမျိုးသားကျောင်းအုပ်ကြီး လုပ်ခဲ့စဉ်က "ကျုပ်ကျောင်းကထွက်သွားတဲ့သူ တစ်ယောက်မှ လူဆိုး၊ သူခိုး မဖြစ်စေရဘူး၊ ကျုပ် အာမခံတယ်" ဟု ဆိုခဲ့သည်။ ဦးသန့်၏ အာမခံချက်ကို ယနေ့ မြန်မာ့ပညာသင်ကျောင်းများကလည်း ဆက်လက်အာမခံဆဲပါ။ အဆိုပါ အာမခံချက်နှင့်အတူ မြန်မာတို့၏ ဗလငါးတန်စုံလင်အောင် ဖော်ဆောင်ပေးသည့်နေရာက ကျောင်းပါပဲ။ ကျောင်းမရောက်လျှင် ကျွန်တော်တို့၏ ကလေးများ ဖွံ့ဖြိုးမှုအလှမ်းဝေးနေဦးမှာပါ။

### ကလေးတိုင်း ဒီမိုကရေစီ စိတ်ထားပိုင်ရှင်ဖြစ်စေဖို့ ကျောင်းသွားကြတာပါ

ဒီမိုကရေစီသည် ကိုယ်တိုင်အရင်ကျင့်ပြီး သူများရော ကိုယ်ပါ ရအောင်လေ့ကျင့်ရသည့် အလုပ်ပါ။ ကိုယ်မကျင့်ဘဲ မလိုချင်ပါနှင့်၊ ဒီမိုကရေစီ လူ့အဖွဲ့အစည်းဆိုတာဖြစ်မလာနိုင်ပါ။ ဤသည်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်(ငြိမ်း) ဦးသန့်က "ဒီမိုကရေစီအောင်မြင်ရန် ပြည်သူပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရားလုံလောက်အောင်ရှိရမည်၊ အသိဉာဏ်ကင်းမဲ့သောနိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်" ဟု လွန်ခဲ့သည့် နှစ် ၇၀ ကျော်က ပြောကြားထားပါသည်။

ကျောင်းများတွင် "ကျောင်းကောင်စီ" ဆိုတာ ဖွဲ့စည်းထားပါသည်။ အိမ်မှာ၊ ရပ်ကွက်မှာ၊ ဈေးမှာ မရှိပါ။

ကျောင်းကောင်စီ၏ ကတိဆောင်ပုဒ်မှာ

"မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်"။

"မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်"။

"မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်"။

"မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်" ဟူ၍ ဖြစ်ပါသည်။

ကျောင်းကောင်စီဖွဲ့စည်းရခြင်းမှာ "ကျောင်းသားတစ်ဦးချင်း လူကောင်းလူတော်ဖြစ်အောင် အရင်လေ့ကျင့်ပေးခြင်းပါ။ သူကိုယ်တိုင်ကလည်း မိမိကိုယ်ကို ဗလငါးတန် ပိုင်ဆိုင်အောင်ကြိုးစားမည်ဟု ခံယူချက်ရှိအောင် လေ့ကျင့်ရပါသည်။ မိမိတစ်ကိုယ်ရေကောင်းရုံတင် မရသေးပါ။ မိမိ၏ ပတ်ဝန်းကျင်ဖြစ်သည့် အတန်းထဲမှ သူငယ်ချင်းများ၏ ကောင်းကျိုးသယ်ပိုးရန်လည်း တာဝန်ရှိပါသည်ဟူသည့် "တာဝန်သိ" စိတ်ကိုပါ ပိုင်ဆိုင်သွားစေပါသည်။ ထိုမှတစ်ဆင့် မိမိ၏ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးနှင့်နောက်ဆုံးတွင် ရပ်ကျိုးရွာကျိုး၊ မိမိတိုင်းပြည်ကိုကောင်းအောင် ကြိုးစားမည်ဟူသည့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးအတွက် "တာဝန်ကျေလိုစိတ်" ကိုပါ တစ်သက်လုံး အထုံပါရမီအဖြစ် ခံယူသွားသည်အထိ လေ့ကျင့်ပေးနေပါသည်။

အတန်းကောင်းစားရေးအတွက် ရွယ်တူသူငယ်ချင်းများနှင့်အတူ ကြိုးပမ်းကြသည်။ ထိုမှတစ်ဆင့် ကျောင်းတိုးတက်ရေးအတွက် အတန်းခွဲများ၊ မိမိအောက်ဆင့် အတန်းငယ်များမှ ညီငယ်ညီမငယ်များ၊ မိမိအထက်ဆင့်မှ အစ်မ၊ အစ်ကိုများနှင့် စုပေါင်းညီညွတ်စွာကျောင်းဖွံ့ဖြိုးရေး၊ ကျောင်းကောင်းဖြစ်ရေးဟူသည့် "ဘုံရည်မှန်းချက်ကို စုပေါင်းအကောင်အထည်ဖော်တတ်သည့်အရည်အသွေးများ" ဖြစ်ထွန်းလာအောင် လေ့ကျင့်ပေးပါသည်။ မိမိနှင့် မိမိပတ်ဝန်းကျင်ကောင်းကျိုးသယ်ပိုးလိုသည့် တာဝန်သိစိတ်နှင့်ဘုံရည်မှန်းချက်ကို ညီညွတ်စွာအကောင်အထည်ဖော်တတ်ခြင်းသည် နိုင်ငံသားတစ်ဦးပိုင်ဆိုင်ရမည့် "ဒီမိုကရေစီ စိတ်ထား"ပင် ဖြစ်ပါသည်။ သင့်အိမ်မှာ မရနိုင်သည့် "မိသားစုလွန်လူသားအရည်အသွေးများ" နှင့် "မြင့်မြတ်နိုင်ငံသားတန်ဖိုး" ပင်ဖြစ်ပါသည်။

### မတူညီမှုစွမ်းအားကို နားလည်လက်ခံနိုင်သည့် ပိုင်ရှင်များဖြစ်ထွန်းလာခြင်း

ထို့အပြင် အိမ်မှာက ဘဝနောက်ခံ၊ ကိုးကွယ်ရာအတူတူဖြစ်၍ မတူကွဲပြားမှု၏ *စာမျက်နှာ ၇ သို့*

**" တကယ်တော့ ပညာရေးမှာ လူကို ပြင်ပေးသည့် အလုပ်ပါ။ "လူပြင်" သည်ဆိုရာဝယ် ပျက်နေသည့်အရာကို ပြင်ဆင်ခြင်းမဟုတ်ပါ။ အသင့်အနေအထားဖြစ်စေရန် "ကြိုတင်ပြင်ဆင်ထားခြင်း" ပါ။ စွမ်းရည်ပြည့်ပြည့်ဖြင့် အသင့်အနေအထားဖြစ်အောင် ပြင်ဆင်ထားခြင်းကြောင့် "လူကို အသင့်ပြင်သောနေရာက ကျောင်းပါ" ဟူ၏။ ကျွန်တော်တို့ သားသမီးများ အနာဂတ်ဘဝတစ်လျှောက် ကောင်းသလောက် တော်သည့် သားကောင်းသမီးမွန်များ အဖြစ် ကိုယ်ကိုယ့်ကိုယ် ထိန်းကျောင်းနိုင်သည့် ထူးချွန်လူသားဖြစ်အောင် လေ့ကျင့်ပေးတာပါ။ တစ်ယောက်တည်းမဟုတ်ပါ။ လေ့ကျင့်ပေးခြင်းကလည်း စုစုဝေးဝေးမို့ ကျွန်တော်တို့ ကလေးများ မိသားစုဝင်မဟုတ်သည့် အခြားသူများနှင့် ပေါင်းတတ်၊ သင်းတတ် နေထိုင်တတ်လာမည်၊ လူဖြစ်လာပြီး လူသားပထမဆုံးတတ်ရမည့်အရည်အချင်းက "မိတ္တဗလ"ပါ။ "လူအချင်းချင်း ပေါင်းသင်းဆက်ဆံတတ်ခြင်း" ပါ "**

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ကိုရီးယားသမ္မတနိုင်ငံသို့ ကြွရောက်

**နေပြည်တော် မေ ၂၃**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ မေ ၂၄ ရက်တွင် ကျင်းပမည့် "50 Years of Gratitude & Friendship, 100 Years of Mercy" အခမ်းအနား ပါဝင်တက်ရောက်ရန် Korean Wave Culture Industry Forum (KWCIF) ၏ စီစဉ်ဖိတ်ကြားမှုဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ ကြီးမှူးသည့် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့က ကိုရီးယားသမ္မတနိုင်ငံသို့ ကြွရောက်ရာ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းလေဆိပ်၌ မြန်မာသံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးမျိုးမြင့်မောင်၊ စစ်သံ(ကြည်း၊ ရေ၊ လေ) ရုံးမှ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင့်သူနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဆိုးလ်မြို့ရှိ Jogyesa Temple ၌ ကျောင်းထိုင်ဆရာတော် Venerable Damhwa Wonmyeong နှင့် လည်းကောင်း၊ Office of the President of the Jogye Order ၌ Jogye Order of Korean Buddhism ၏ ၃၇ ယောက်မြောက်




ဥက္ကဋ္ဌ Ven. Jinwoo နှင့် လည်းကောင်း တွေ့ဆုံသည်။

Jogyesa Temple သည် ကိုရီးယားနိုင်ငံ ဗုဒ္ဓဘာသာ Jogye Order ၏ အဓိက ဗဟိုဘုန်းတော်ကြီးကျောင်းဖြစ်ပြီး ၁၈၁၀ ပြည့်နှစ်တွင် စတင်တည်ထောင်ကာ ကိုရီးယားဗုဒ္ဓဘာသာ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုများအတွက် အရေးပါသောနေရာတစ်ခုဖြစ်သည့်အပြင် ကိုရီးယားရိုးရာ ဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသော Daeungjeon Hall (Main Buddha Hall)၊ နှစ်ရာချီသက်တမ်းရှိသော သစ်ပင်ကြီးများနှင့် ရိုးရာမီးပုံးပွဲတော်များကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလာရောက်ကြသည့်နေရာလည်း ဖြစ်သည်။

ယင်းနောက် ဆရာတော်နှင့်အဖွဲ့သည် Dongguk University ၏ ဥက္ကဋ္ဌ Yun Jae-woon နှင့်တွေ့ဆုံခြင်း၊ Dongguk University ရှိ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကား ပြောကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ Buddhist Broadcasting System (BBS) ၏ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်တွင် ပါဝင်ပြီး တရားဓမ္မဆိုင်ရာမေးမြန်းလျှောက်ထားမှုများအပေါ် မိန့်ကြားသည်။

BBS သည် ကိုရီးယားသမ္မတနိုင်ငံ၏ ပထမဆုံးသော ဗုဒ္ဓဘာသာရုပ်သံနှင့် ရေဒီယိုကွန်ရက်ဖြစ်ပြီး ရေဒီယိုအစီအစဉ်များအပြင် ရုပ်သံလိုင်း (BBS TV) များမှတစ်ဆင့် ဗုဒ္ဓစာပေ၊ ဝိပဿနာနှင့် ကိုရီးယားနိုင်ငံနှင့် နိုင်ငံတကာဗုဒ္ဓဘာသာသတင်းများကို တင်ဆက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ဆရာတော်ကြီးနှင့်အဖွဲ့သည် UNESCO ကမ္ဘာ့ရေးဟောင်း အမွေအနှစ်မှတ်တမ်းဝင်ဖြစ်သော Bulguksa Temple ၌ Venerable Jongcheon နှင့် လည်းကောင်း၊ Tongdosa Temple ၌ Venerable Hyeon-deok နှင့်လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းများအား တွေ့ဆုံ

**ဘားအံ မေ ၂၃**

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၅)သို့ တက်ရောက်ရန် ဘားအံမြို့ နယ်မြေခံသင်တန်းကျောင်းတွင် ရောက်ရှိနေသော ကရင်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းများအား ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံကြသည်။ တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊



မဲဘောင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု အားပေးကာ ကျောင်းများတွင် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိမှုကို စစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ မဲဘောင်အဆင့်မြင့် စံပြဈေးကြီးတွင် ကျောင်းအပ်နှံရေးအစီအစဉ်များ၊ အခမဲ့ထောက်ပံ့မှုများ၊ သိရှိလိုက်နာရမည့်အချက်များ၊ မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်များပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုးရွာသွန်းခြင်းနှင့်အတူ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၂၃**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

တန်ဖိုးကိုမသိနိုင်၊ နားမလည်နိုင်ပါ။ ကျောင်းမှ အတန်းဖော်များတွင် ခနဥစ္စာ၊ ဆင်းရဲချမ်းသာ ကွာဟမှု၊ ရာထူးဂုဏ်သိန် အနိမ့်အမြင့်မျိုးစုံ၏ ကွဲပြားခြားနားနိမ့်ကျသည့် ဘဝများကို စာနာတတ်လာသည်။ စာသင်ခန်းတွင် ဆူကြုံနိမ့်မြင့်မရှိ၊ အဆင့်အတန်းခွဲခြားမှုကင်း၏။ ကလေးတိုင်းတန်းတူ ကြိုးစားခွင့် အောင်မြင်ခွင့်ရှိ၏။ ကျောင်းသို့ မရောက်လာသည့် ကလေးများအဖို့ အဆိုပါဒီမိုကရေစီအခွင့်အရေးရမှုနှင့် မတူကွဲပြားမှုကို နားလည်ရန် အခွင့်အလမ်းအလွန်နည်းပါး၏။ အကယ်၍ ကျောင်းသို့ သားသမီးများကို မလွှတ်မိလျှင် မိဘများအနေဖြင့် မိမိတို့သားသမီးကို ဒီမိုကရေစီစိတ်ထားနှင့် အရသာခံစားခွင့်ကို ပိတ်ပင်သူ၊ ဆန့်ကျင်သူဘဝ ရောက်သွားပါလိမ့်မည်။

တကယ်တော့ ယနေ့ ကလေးများကို ဘဝနောက်ခံမတူညီသူအချင်းချင်း ပျော်ရွှင်ငြိမ်းချမ်းစွာ ပညာသင်တတ်ရန်၊ နားလည်စာနာမှုအပြည့်ဖြင့် နေထိုင်တတ်ရန်၊ အတန်းအကျိုး၊ ကျောင်းအကျိုး စုပေါင်းသယ်ပိုးတတ်ရန်နှင့် နောက်ဆုံးတွင် ဒီမိုကရေစီအနှစ်သာရပြည့်ဝသည့် "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်တတ်သည့် မြန်မာ့တိုင်းရင်းနိုင်ငံသားအမွန်အမြတ်များ" ဖြစ်ထွန်းလာစေရန် လေ့ကျင့်ပျိုးထောင်ပေးရမည့်တာဝန်က မိဘများနှင့် နိုင်ငံသားအားလုံးမှာ တာဝန်ရှိပါသည်။

ကမ္ဘာတစ်လွှားမှာကဲ့သို့ "ဒီမိုကရေစီကျင့်စဉ်အစ၊ စာသင်ကျောင်းက" ဟူသည့်အမြင်ဖြင့် ဒီမိုကရေစီမြတ်နိုးသူမိဘများအနေဖြင့် လေ့ကျင့်ရေးကွင်းဖြစ်သည့်ကျောင်းသို့ ပို့ဖြစ်အောင်ပို့ပေးကြပါ။ ကျောင်းက ကျွန်တော်တို့၏သားသမီးကို ပြည့်ဝမှန်ကန်သည့် အဆိုပါ "ပြည့်ဝဒီမိုကရေစီ စိတ်ထားပိုင်ရှင်" ဖြစ်အောင် လေ့ကျင့်ပေးနေသည်မို့ အနာဂတ်တွင် ဦးသန့်ရည်ရွယ်သည့် "အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်စွာရှိသည့် နိုင်ငံသားများ" ကြွယ်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာပါလိမ့်မည်။ ဤကဲ့သို့ ပြည့်ဝနိုင်ငံသား ကြွယ်ဝမှုကို မြင်စေလိုလျှင် "ကလေးများကို ကျောင်းသို့ ပို့ပါဟု ဆိုပါရစေ"။ ဤသို့ တိုက်တွန်းရခြင်းမှာ ကျွန်တော်တို့ သားသမီးများ ကျောင်းမရောက်ခဲ့လျှင် "အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခသာ ဖြစ်စေလိမ့်မည်" ဟူသော ဦးသန့်၏ဟောကိန်းမှ အဖြစ်မျိုး ခေတ်အဆက်ဆက် မကြုံတွေ့စေရန်အတွက် ဖြစ်ပါသည်။

**ကျောင်းနေအရွယ်ကလေးများ ကျောင်းသို့ မရောက်ခဲ့လျှင်**

၂၁ ရာစုမှာပညာရှင်များက ကမ္ဘာတစ်လွှားမှာ ကျောင်းများဖွင့်ပြီး သင်ကြား၊ သင်ယူမှုကို ဆောင်ရွက်ရခြင်း၏ ရည်မှန်းချက်က–

(က) သိမြင်တတ်ဖို့ သင်ယူခြင်း၊

(ခ) လုပ်တတ်၊ ကိုင်တတ်၊ ဖြေရှင်းတတ်ဖို့ သင်ယူခြင်း၊

(ဂ) ဖွံ့ဖြိုးတိုးတက်ဖို့ သင်ယူခြင်း၊

(ဃ) အများနှင့်အတူ ငြိမ်းချမ်းစွာ နေတတ်ဖို့ သင်ယူခြင်းတို့ဖြစ်ပါသည်။

ဤသည်မှာ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးရေးကို ဖော်ဆောင်ကြမည့် နိုင်ငံသားတစ်ယောက်တွင် မဖြစ်မနေပိုင်ဆိုင်ရမည့် အခြေခံစွမ်းရည်များပါ။ နိုင်ငံတော်က နိုင်ငံသားတစ်ဦးချင်းစီအတွက် မျှော်မှန်းထားသည့် အရည်အသွေးများပါ။ ပြည့်ဝနိုင်ငံသား၏ အရည်အသွေးများဟု ဆိုပါရစေ။ အိမ်မှာနေ၍ ခမရနိုင်ပါ။ ကျောင်းနေအရွယ်ကလေးများ စာသင်ခန်းသို့ မရောက်ခဲ့လျှင် သူတို့ကြီးပြင်းလာပါက ဉာဏ်ပညာဖြင့် မယှဉ်သည့် အသက်မွေးမှုအလုပ်ကိုသာ လုပ်ရမည်။ ဦးနှောက်မသုံးရဘဲ တိရစ္ဆာန်များကဲ့သို့ ကြွက်သား၊ ကာယအားကိုသာ အသုံးချရပေမည်။ လုပ်ငန်းခွင်ကို ခေါင်းဆောင်ရမည့်အစား သူများထံ အခစားဖြစ်ဖို့များပေလိမ့်မည်။ အသိဉာဏ်အားဖြင့်လည်း အမှားနှင့်အမှန်၊ အကောင်းနှင့် အဆိုး၊ အပြုနှင့် အဖျက်၊ လိုက်နာရမည့်ကျင့်ဝတ်၊ စည်းကမ်းမသိသူ စာရိတ္တမဏ္ဍိုင် အားနည်းကြသူများ ဖြစ်ထွန်းလာကြပါလိမ့်မည်။

နောက်ဆက်တွဲအနေဖြင့် ဝေဖန်ပိုင်းခြားနိုင်မှုအားနည်းကာ ပြောသမျှယုံကာ အဖျက်လုပ်ငန်းကို အဟုတ်ထင်ပြီး အရွယ်မတိုင်မီ ပြစ်မှုပြစ်ဒဏ်ခံရသူများ ဘဝရောက်သွားနိုင်သည်။ ထို့အပြင် မူးယစ်ဆေးဝါးသားကောင်ဘဝ၊ လူကုန်ကူးခံရသူအဖြစ်နှင့် လိင်မှုဆိုင်ရာအသုံးချခံရသူများ၊ တိရစ္ဆာန်နှင့်မခြားလမ်းပျော် လေလွင့်သူများ ဘဝဆီကိုလည်း ရောက်ရှိသွားနိုင်ပါသည်။ ဤသည်မှာ ကမ္ဘာတစ်လွှား ကျောင်းသို့မရောက်သူများ၏ အနာဂတ်ဘဝအခြေအနေဆိုးများပင်ဖြစ်ပါသည်။ လမ်းပျော်၊ လေလွင့်၊ ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိသည့် ကလေးသူငယ်ပေါ်များသော နိုင်ငံသည်လည်း ဖွံ့ဖြိုးမှုနိမ့်ကျသော ဘဝမှာသာ ရှိနေပေလိမ့်မည်။ ကျွန်တော်တို့နိုင်ငံကို အဆိုပါအခြေအနေမျိုးမရှိစေရန် နိုင်ငံတော်က နိုင်ငံတစ်ဝန်း ကျောင်းများဖွင့်ပေးကာ လူ့အဖွဲ့အစည်းကောင်းကျိုးသယ်ပိုးမည့် နိုင်ငံသားဖြစ်အောင် လေ့ကျင့်ပေးနေခြင်း ဖြစ်ပါသည်။

ကလေးများ၏ ပညာရေးအခြေတင့်မှ နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးရေးလည်း မြင့်မားပြီး တစ်ဦးချင်း၏ ဘဝ လှကြ၊ ပကြ၊ တင့်တယ်ကြပါမည်။ ကလေးများ ကျောင်းတက်ခြင်းက သူနှင့်အနာဂတ်လူ့အဖွဲ့အစည်းထွန်းတောက်မှု အုတ်မြစ်ကိုချနေခြင်းပါ။ ကျောင်းနေအရွယ်ကလေးများကို အဖိုးတန်မြန်မာနိုင်ငံသားများအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ကြစေရန် မိမိပတ်ဝန်းကျင်ရှိကလေးများကိုလည်း မဖြစ်မနေကျောင်းသွားဖြစ်အောင် ဝိုင်းဝန်းစွမ်းဆောင်ပေးကြပါ။

မိဘတိုင်းကလည်း မိမိသားသမီးများကို

"ပန်းကလေးများ ပွင့်တော့မည်

ဖူးတံဝင့်လို့ချီ

နေခြည်မှာရွှေရည်လောင်း

ငါတို့ စာသင်ကျောင်း" ... ဆိုသကဲ့သို့ မိမိသားသမီးများ၏ အနာဂတ်ဘဝ၊ သူတို့၏ အနာဂတ်လူ့အဖွဲ့အစည်းဖြစ်သည့် နိုင်ငံတော်ကြီးအစွမ်းကုန်ပွင့်လန်းလာစေရန် ရည်သန်ပြီး ကျောင်းသို့မဖြစ်မနေပို့ပေးကြပါဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် မန္တလေးတိုင်းဒေသကြီးအတွင်း တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၂၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဝက်ဝံ)၊ အခြေခံပညာ မူလတန်းကျောင်း (ကုန်းဘောကျေးရွာ)၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (ရေငယ်)၊ အခြေခံပညာအထက်တန်းကျောင်း (မိုးကြိုးစံပြ)၊ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း(ပြင်ဦးလွင်)၊ အမှတ် (၃) အခြေခံပညာ အလယ်တန်းကျောင်း (ပြင်ဦးလွင်)နှင့် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (အောင်ချမ်းသာ) တို့တွင် ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်ရန် လျာထားမြေနေရာများ၊ ကျောင်းအပ်နှံရေး သီတင်းပတ်အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ကလည်း မိတ္ထီလာတက္ကသိုလ် အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်ပြီးစီးမှု ခြောက်ထပ်စာသင်ဆောင်သစ် တည်ဆောက်ပြီးစီးမှုနှင့် လေးခန်းတွဲ လေးထပ်အမှုထမ်းအိမ်ရာတည်ဆောက်ရန် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် မိတ္ထီလာပညာရေးဒီဂရီကောလိပ် ကန်တင်းနှင့် အားကစားရုံ တည်ဆောက်ရန် လျာထားမြေနေရာ၊ မိတ္ထီလာမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း (ချည်စက်)နှင့် အခြေခံပညာအထက်တန်းကျောင်း (တောမ)တို့တွင် ငလျင်ကြောင့် ပျက်စီးခဲ့ရသည့် ကျောင်းဆောင်များနေရာတွင် နှစ်ထပ်ကျောင်းဆောင်သစ်များ ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်နေမှု၊ ကျောက်ဆည်တက္ကသိုလ်၊ မန္တလာတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်တို့တွင် ဘွဲ့နှင်းသဘင်ခန်းမ၊ ဝန်ထမ်းအိမ်ရာနှင့် ဘက်စုံသုံးခန်းမ တည်ဆောက်ရန် လျာထား မြေနေရာများနှင့် အပန်းဖြေရိပ်သာ (Recreation Centre) တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးပညာရေးဒီဂရီကောလိပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့် လျာထားမြေနေရာ၊ ပြင်ဦးလွင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (အနီးစခန်း)နှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (ပွေးတောင် (နန္ဒဝန်))တို့တွင် ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ရန်လျာထားမြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ ဆဋ္ဌမအကြိမ် အထွေထွေညီလာခံကျင်းပ

## လှည်းကူးမြို့နယ် ဝါးနက်ကုန်းကျေးရွာ အုပ်စုအတွင်းရှိ ပီတိကွင်း ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၃**

မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams–MNCOLD) ၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အသင်းသားစုံညီ အထွေထွေညီလာခံ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင် ကော်မတီဝင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ် ပထမပိုင်းတွင် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး သဘာပတိ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌက အမှာစကားပြောကြားကာ အတွင်းရေးမှူးက အလုပ်အမှုဆောင် ကော်မတီ၏ အစီအရင်ခံစာအား ဖတ်ကြားတင်သွင်းခြင်း၊ အစီရင်ခံစာကို ညီလာခံ၏ အတည်ပြုချက်ရယူခြင်းနှင့် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ လက်ရှိကော်မတီဝင်များ နုတ်ထွက်ခြင်းများ ဆောင်ရွက်ကြပြီး ဒုတိယပိုင်းတွင် ကော်မတီဝင်အသစ် အမည်စာရင်းများကြေညာခြင်း၊ တာဝန်ပေးအပ်ခြင်းနှင့် ကတိသစ္စာ ခံယူခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မင်္ဂလာဒုံမြို့နယ်ရှိ သစ္စာပိုက်နှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံမှ အစက်ချပိုက်များအား ဈေးနှုန်းသက်သာစွာဖြင့် ပိုမိုထုတ်လုပ်နိုင်ပါက အများပြည်သူများ ပိုမိုသုံးစွဲနိုင်၍ နိုင်ငံ၏စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် လှည်းကူးမြို့နယ် ဝါးနက်ကုန်းကျေးရွာ အုပ်စုအတွင်းရှိ ပီတိကွင်း ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ရဲမွန်ကျေးရွာကွင်းအမှတ် (၁၀၂၆)၊ အဝကျယ်ကွင်းရှိ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

**သတင်းစဉ်**






## ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလက်ဖက်နေ့ အခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၀ ရက်တွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လက်ဖက်နေ့ အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသရေးရာဌာနက “ပိုးလမ်းမထက်က လက်ဖက်ရနံ့နှင့် အနာဂတ်စိုက်ပျိုးရေးနည်းပညာဆီသို့” ခေါင်းစဉ်ဖြင့် ကျင်းပသည့် အဆိုပါ အခမ်းအနားသို့ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသရေးရာဌာန တာဝန်ရှိသူများ၊ ဦးစီးဌာနများ၊ သုတေသနနှင့် တက္ကသိုလ်၊ သိပ္ပံများမှ ပညာရှင်များ၊ ကမ္ဘောဒီးယား၊ လာအို၊ မလေးရှား၊ မြန်မာ၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ် ၊ ကင်ညာနိုင်ငံနှင့် FAO တို့မှ ကိုယ်စားလှယ်များ၊ လက်ဖက်ပညာရှင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် Liyuan international Conference Center၌ ခင်းကျင်းပြသထားသည့် ဒေသအသီးသီးမှ လက်ဖက်ခြောက်မျိုးစုံပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး နန်နင်းမြို့မှ ကီလိုမီတာ ၁၀၀ ခန့် ကွာဝေးသည့် ဟန်ကျိုးမြို့တော် National Modern Agricultural Industrial Park၌ တည်ရှိသော စံပယ်ပန်းရနံ့ လက်ဖက်ထုတ်လုပ်သည့် လုပ်ငန်းခွင်နှင့် စံပယ်ပန်းစိုက်ခင်းများကို သွားရောက်လေ့လာခဲ့ကြသည်။

မေ ၂၁ ရက်တွင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်–အာဆီယံ သိပ္ပံဉာဏ်ရည်တုဆိုင်ရာ ဆန်းသစ်တီထွင်မှု ပူးပေါင်းဆောင်ရွက်ခြင်း စင်တာသို့ သွားရောက်၍ စိုက်ပျိုးရေးအပါအဝင် ကဏ္ဍအသီးသီး၌ သိပ္ပံဉာဏ်ရည်တုကို အသုံးချနိုင်ရန် တီထွင်စမ်းသပ်မှုများ၊ တရုတ်နှင့် အာဆီယံ ဒေသများအကြား သတင်း အချက်အလက်များကို လုံခြုံစွာစီးဆင်းနိုင်စေရန် စီမံဆောင်ရွက်ထားရှိမှုများကိုလေ့လာခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင်လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

## တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ပြည် မေ ၂၃**

တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ပြည်ခရိုင်တရားရုံး၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဒေါက်တာ ဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးတရားရေးဦးစီးမှူးက စေ့စပ်ဖြေရှင်းရေး၏ အားသာချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာနမှ တာဝန်ရှိသူများက အသီးသီးဆွေးနွေးကြပြီး ပြည်ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ တရားလွှတ်တော်ရှေ့နေများ တက်ရောက်ဆွေးနွေးမေးမြန်းကြကြောင်း သိရသည်။

**ဝဏ္ဏထွန်း( ပြန်/ဆက်)**




**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေးပြီး မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် မေ ၂၃**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် နေပြည်တော်ကောင်စီဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုနှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်လက်ခံနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေ၊ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ထို့နောက် သန့်ရှင်းရေးလာရောက်ဆောင်ရွက်သည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူတို့ကို ဆန်နှင့်စားသုံးဆီများ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကိုသတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ရွှေမြို့ မွေးမြူရေးဇုန်သို့ သွားရောက်ပြီး ဥစားကြက်မွေးမြူရေးအတွက် လျာထားမြေနေရာ ဆောင်ရွက်ထားရှိမှု၊ မွေးမြူရေးဇုန်ရှိဒေသဆိတ်(ထိန်စမ်း) မွေးမြူရေးခြံ၊ တပ်ကုန်းမြို့နယ်၊ အမှတ်(၁) ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ဥစားကြက်နှင့် နို့စားနွားမွေးမြူထားရှိမှု၊ နို့အေးနှင့် ဒိန်ချဉ်စက် ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**



## ကျောက်ပန်းတောင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမှ ချေးငွေများထုတ်ချေးပေး

**ကျောက်ပန်းတောင်း မေ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အင်ချောင်းကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းကို မေ ၂၂ ရက်က အဆိုပါကျေးရွာ၌ ဆောင်ရွက်ခဲ့ရာ ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်းနှင့် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးတို့က စီမံကိန်းရန်ပုံငွေကျပ်သန်း ၃၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်ချောင်းကျေးရွာရှိ အသင်းသား အသင်းသူ ၉၉ ဦးထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **စန္ဒာ**



## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ တက်ရောက်

**ရန်ကုန် မေ ၂၃**

အသေးစား၊ အငယ်စားနှင့် အလတ်စား MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် MYANMAR PLAZA ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အသေးစား၊ အငယ်စားနှင့် အလတ်စား MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။အဆိုပါ အသေးစား၊ အငယ်စားနှင့် အလတ်စား MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဆိုင်ခန်းပေါင်း ၁၁၀ ဖြင့် မေ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ထို့နောက် Myanmar Women Entrepreneurs Network နှင့် Myanmar Badminton Federation(MBF)တို့ ပူးပေါင်းပြုလုပ်သည့် MYANWEN FRIENDSHIP BADMINTON TOURNAMENT 2026 ဖွင့်ပွဲကို ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်၊ အမျိုးသားကြက်တောင်အားကစားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်(MYANWEN) ဒုတိယဥက္ကဋ္ဌ Chairman of Sport Committee ဒေါ်သူဇာဝင်းက ပြိုင်ပွဲအကြောင်း ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ အဆိုပါ MYANWEN FRIENDSHIP BADMINTON TOURNAMENT 2026 ကို အားကစားသမား ၂၁၈ ဦးဖြင့် မေ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၅)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအားတွေ့ဆုံ၍ ချီးမြှင့်ငွေပေးအပ်

**မော်လမြိုင် မေ ၂၃**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း ဌာနဆိုင်ရာများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ စာသင်ကျောင်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၅) သို့ တက်ရောက်ရန် မော်လမြိုင်မြို့နယ်မြေခံသင်တန်းကျောင်းတွင် ရောက်ရှိနေသော မွန်ပြည်နယ်အတွင်းမှ နိုင်ငံ့သားကောင်းရတနာများကိုသွားရောက်တွေ့ဆုံအားပေးကာ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဝတ်စုံများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**





မွန်ပြည်နယ် ပေါင်မြို့နယ် အထက(ပေါင်)၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်၏ ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအဖွဲ့များ မေ ၂၃ ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

မွန်မလေး(ပြန်/ဆက်)

## မင်းလှမြို့နယ်၌ အတွင်းတိမ်နှင့်မျက်စိရောဂါ စမ်းသပ်စစ်ဆေးကုသပေး

**အထက်မင်းလှ မေ ၂၃**

မင်းဘူးမြို့ ပြည်သူ့ဆေးရုံ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာနမှ အတွင်းတိမ်နှင့် မျက်စိရောဂါစမ်းသပ်စစ်ဆေး ဆောင်ရွက်ခြင်းကို ယမန်နေ့က မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သဖန်းချောင်းကျေးရွာ အောင်သပြေခန်းမ၌ ပြုလုပ်ရာ မျက်စိအထူးကု ဆရာဝန်ကြီး ဦးဆောင်မှုဖြင့် ဆရာ ဆရာမများအဖွဲ့နှင့် မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာ စန်းစန်းမိုးနှင့် ဝန်ထမ်းများက သဖန်းချောင်းကျေးရွာနေ ပြည်သူ ၁၂၅ ဦးအား သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချိုရောဂါစစ်ဆေးခြင်း၊ အတွင်းတိမ်နှင့် မျက်စိရောဂါ အခမဲ့စမ်းသပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး အတွင်းတိမ်လူနာ ၁၉ ဦးနှင့် မျက်မှန်လိုအပ်သောလူနာ ၁၆ ဦး စမ်းသပ်စစ်ဆေးပေးခဲ့သည်။



အဆိုပါ အတွင်းတိမ်တွေ့ရှိသူ လူနာများအား မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီး၌ အခမဲ့ထပ်မံစစ်ဆေးခြင်း၊ ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

**ဝင်းမြတ်(အထက်မင်းလှ)**

# မြန်မာ့သနပ်ခါးလိမ်းသည့်ဓလေ့ - အမျိုးသားယဉ်ကျေးမှု အမှတ်သညာနှင့် ဆေးဖက်ဝင်အာနိသင်များ

နန်းလော်ဝင်း (အမျိုးသားပြတိုက် - ရန်ကုန်)

မြန်မာ့လူ့အဖွဲ့အစည်းတွင် သနပ်ခါးနှင့် မြန်မာလူမျိုးက ခွဲခြား၍ မရနိုင်လောက်အောင်ပင် ရိုးရာဓလေ့ထုံးစံအရ နက်ရှိုင်းစွာ အမြစ်တွယ်နေခဲ့သည်မှာ ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်ပါသည်။

သနပ်ခါးလိမ်းသည့် အလေ့အထသည် တောင်ပေါ်မြေပြန့်မကျန်၊ ကျား/မ မရွေး၊ လူကြီး/လူငယ်မရွေး၊ လူမျိုးနှင့် ဆင်းရဲ/ချမ်းသာမရွေး မြန်မာတစ်မျိုးသားလုံး တန်ဖိုးထား အသုံးပြုကြသည့် တစ်ခုတည်းသော အမျိုးသားယဉ်ကျေးမှု အမှတ်သညာတစ်ခုဖြစ်သည်။ သုံးစွဲသူအား ယဉ်ကျေးသိမ်မွေ့ပြီး အေးမြသော ကျက်သရေကို ဆောင်နှင်းပေးနိုင်သည့်အပြင် ခေတ်အဆက်ဆက်ခိုင်မြဲစွာ ရှင်သန်လာခဲ့သော ဤဓလေ့အား ယနေ့တွင် ကမ္ဘာက သိရှိစေရန် ယူနက်စကို(UNESCO)၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (Intangible Cultural Heritage of Humanity) စာရင်းသို့ ထည့်သွင်းနိုင်ရန် တရားဝင်အမည်စာရင်း တင်သွင်းထားပြီးဖြစ်ပါသည်။

### ဝေါဟာရအဓိပ္ပာယ်နှင့် ရုက္ခဗေဒဆိုင်ရာ ခွဲခြားမှု

"သနပ်ခါး"ဟူသော ဝေါဟာရသည် ပါဠိဘာသာစကား "သနပ်ခါး"မှ ဆင်းသက်လာပြီး "သန" (အညစ်အကြေး) နှင့် "ခါး"(ပယ်ဖျောက်ခြင်း) ဟု အဓိပ္ပာယ်ရသဖြင့် **"အညစ်အကြေးများကို ဖယ်ရှား သန့်စင်ပေးသောအရာ"**ဟု တိုက်ရိုက်အနက်ဖွင့်နိုင်ပါသည်။

ရုက္ခဗေဒ သိပ္ပံနည်းကျ လေ့လာချက်များအရ သနပ်ခါးပင်သည် Rutaceae (ရှောက်မျိုးနွယ်ဝင်) အုပ်စုတွင် ပါဝင်ပြီး အောက်ပါအတိုင်း အမျိုးအစားခွဲခြားထားပါသည် –

မြန်မာအမည်မှာ သနပ်ခါးဖြစ်ပြီး အင်္ဂလိပ်အမည်မှာ **Chinese Box Tree, Wood Apple** ဖြစ်ပါသည်။ မျိုးရင်း(Family)မှာ **Rutaceae** ဖြစ်ပြီးမျိုးစု (Genus) မှာ **Limonia** ဖြစ်ပါသည်။ မျိုးစိတ် (Species)မှာ **L. acidissima** ဖြစ်ပြီး သိပ္ပံအမည်များမှာ **Naringi crenulata (Roxb), Limonia acidissima, Hesperethusa crenulata (Roxb) Roem** တို့ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ယင်းသနပ်ခါးပင်၏ ပင်စည်နှင့် အကိုင်းအခက်များကို ခုတ်ဖြတ်၍ အရွယ်အစား လေးလက်မမှ ခြောက်လက်မခန့်ရှိသော "သနပ်ခါးတုံး"များ ပြုလုပ်ကာ လိမ်းကျံရန် အသုံးပြုကြပါသည်။

### သမိုင်းကြောင်းနှင့် စိုက်ပျိုးရာဒေသ သဘာဝ

သနပ်ခါးယဉ်ကျေးမှုသည် ရှေးဟောင်းသုတေ



သနအထောက်အထားများအရ ပုဂံခေတ် အေဒီ ၁၁ ရာစုလက်ရာ နဂါးရုံဘုရား နံရံဆေးရေးပန်းချီ၊ အေဒီ ၁၁၁၃ ခုနှစ်တွင် တည်ခဲ့သည့် မြင်းကပါ ဂူပြောက်ကြီးဘုရား နံရံဆေးရေးပန်းချီနှင့် အေဒီ ၁၁၉၃ ခုနှစ်တွင် တည်ခဲ့သည့် စူဠာမဏိဘုရား အတွင်းရှိ နံရံပန်းချီများတွင် သနပ်ခါးနှင့် ကျောက်ပျဉ် အသုံးပြုမှုကို ထင်ရှားစွာ တွေ့ရှိရသဖြင့် မြန်မာတို့သည် သနပ်ခါးကို ခေတ်အဆက်ဆက် သုံးစွဲခဲ့ကြောင်း သက်သေပြနေသည်။

မြန်မာ့သနပ်ခါးသည် နံ့သာ ၁၀ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပြီး သီရိလင်္ကာ၊ အိန္ဒိယ အနောက်ပိုင်း၊ ထိုင်းနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် ပေါက်ရောက်တတ်သော်လည်း မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းမိုးနည်းရေရှားဒေသများတွင် အကောင်းဆုံးရှင်သန်ဖြစ်ထွန်းကြပါသည်။ မကွေး၊ မန္တလေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရွှေဘို၊ အရာတော်နှင့် မုံရွာမြို့နယ်တို့သည် သနပ်ခါးထွက်ရှိရာ အဓိကအချက်အချာဒေသများဖြစ်ကြပါသည်။ ယင်းတို့အနက် အသားညက်ညောပြီး ဝါဝင်းသော "ရွှေဘိုသနပ်ခါး" နှင့် ရနံ့အလွန်မွှေးကြိုင်သော "ရှင်မတောင် သနပ်ခါး" တို့မှာ မြန်မာနိုင်ငံတွင် အကျော်ကြားဆုံး ဖြစ်ကြပါသည်။ ၁၉၂၈ ခုနှစ်ခန့်မှစ၍ အရာတော်မြို့နယ်တွင် ယာမြေများ၌ စနစ်တကျ ပြောင်းလဲစိုက်ပျိုးလာခဲ့ရာ ယခုအခါ အရာတော်မြို့အား **"သနပ်ခါးမြို့တော်"** ဟုပင် ခေါ်ဆိုရလောက်အောင် ကျေးရွာတိုင်း၌ စိုက်ခင်းများရှိနေပါသည်။

### အလှအပ ဓလေ့နှင့် မရှိမဖြစ် "ကျောက်ပျဉ်"

ကျောက်ပျဉ်သည် မြန်မာအမျိုးသမီးများ အမွှေးနံ့သာလိမ်းကျံရန်နှင့် သနပ်ခါးသွေးရန်အတွက် မရှိမဖြစ် အရေးကြီးသော အိမ်ထောင်ပရိဘောဂတစ်ခုဖြစ်သည်။ ကျောက်ပျဉ်ကို သာမန်ထီးကျောက်မျိုး မဟုတ်သော ကျောက်ချပ်ပြားကို ဝိုင်းအောင်ဆစ်၍ မျက်နှာပြင်ညီညာအောင် ပြုပြင်ယူရသည်။ ပတ်လည်တွင် ဘေး၌ ဝိုင်းရံ၍ ရေခံတည် ခေါ် ချိုင့်မြောင်းငယ်(ရေမြောင်း)ကို ထွင်းထုထားရပြီး မျက်နှာပြင်အလယ်သို့ အနည်းငယ်မို့ သွားစေသည်ကို "မြင်းမိုရ်"ဟု ခေါ်သည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် သွေးထားသော သနပ်ခါးရည်များ ဘေးပတ်လည် ရေခံမြောင်းထဲသို့ အလွယ်တကူ လျှောဆင်းနိုင်သည်။

ကျောက်ပျဉ်ကို မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းခရိုင်နှင့် မြန်မာနိုင်ငံအလယ်ပိုင်း ချောက်မြို့နယ်အတွင်းရှိ ရွှေချယ်တောင်၊ အနီးမင်းကန်ရွာများမှ အများအပြားပြုလုပ်ရောင်းချကြပြီး စစ်ကိုင်းနယ်ထွက် ကျောက်ပျဉ်မှာ မင်းကန်ရွာမှ ထွက်သဖြင့် ကျောက်သားရင့်ပြီး လူကြိုက်များပါသည်။

ကျောက်ပျဉ်ထက်တွင် ရေအနည်းငယ်ဆွတ်၍ သနပ်ခါးတုံးကို စိတ်ရှည်လက်ရှည်သွေးခြင်းဖြင့် ရရှိလာသော မပျစ်မကျဲ သနပ်ခါးနှစ်ကို မျက်နှာ၊ လက်နှင့် တစ်ကိုယ်လုံးတွင် လိမ်းကျံ ကြပါသည်။

### နေ့စဉ်လူမှုဘဝနှင့် ရိုးရာပွဲတော်များရှိ သနပ်ခါး၏ အခန်းကဏ္ဍ

သနပ်ခါးက မြန်မာတို့၏ ဘဝဖြစ်တည်မှုတစ်လျှောက် ကလေးငယ်မွေးဖွားချိန်မှစ၍ သေဆုံးသည်အထိ လူမှုရေး၊ ဘာသာရေးတို့တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။

**မိခင်မေတ္တာနှင့် သနပ်ခါးခွံ့ခြင်းဓလေ့။** မြန်မာမိသားစုများတွင် မိခင်ဖြစ်သူသည် ကလေးငယ်အား ရေချိုးသန့်စင်ပေးပြီးနောက် ကျောက်ပျဉ်ထက်မှ သနပ်ခါးရည်ပျစ်ပျစ်ကို လက်ဖြင့် သပ်ယူကာ နဖူးနှင့် ပါးပြင်ပေါ်တွင် ဘုရားကို အာရုံပြု၍ လိမ်းခြယ်ပေးလေ့ရှိသည်။ ထို့ပြင် ကြွင်းကျန်သော သနပ်ခါးရည်သန့်သန့်ကို ကလေး၏ ဝမ်းတွင်းအေးစေရန် ပါးစပ်ထဲသို့ ခွံ့ကျွေးလေ့ရှိရာ ၎င်းသည် ကလေးငယ်အား အေးမြလုံခြုံမှုနှင့် မိခင်၏ ဆုံးမစကားများကို မှတ်သားစေနိုင်သော စိတ်ပညာဆိုင်ရာ ကောင်းကျိုးကိုပါ ရရှိစေပါသည်။

**မီးဖုန်းပွဲတော် (တပို့တွဲလ)–** မြန်မာပြက္ခဒိန်အရ အအေးဆုံးဖြစ်သော တပို့တွဲလ (ဖေဖော်ဝါရီ)တွင် ဘုရားရှင်အား ရည်မှန်း၍ သနပ်ခါးသားများကို စုပေါင်းမီးပူဇော်သည့် "မီးဖုန်းလှူပွဲ"ကျင်းပကြပါသည်။

**ဘုရားမျက်နှာသစ်တော်မူခြင်း။** မန္တလေးမြို့ မဟာမုနိရုပ်ပွားတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရားများတွင် နေ့စဉ်အရုဏ်တက်ချိန်၌ သနပ်ခါးရည်သန့်များဖြင့် မျက်နှာတော်သစ် ရေသပ္ပာယ် ပူဇော်ကြပါသည်။

**သနပ်ခါးပါးတို့ပွဲ။** အညာဒေသ ရပ်ရွာပွဲလမ်းသဘင်များတွင် လူငယ်များ ချစ်ခင်ရင်းနှီးမှုရယူရန် သနပ်ခါးပါးတို့တမ်း ကစားကြသည့် ချစ်စရာဓလေ့တစ်ခု ရှိပါသည်။

### တိုင်းရင်းဆေးပညာနှင့် သိပ္ပံနည်းကျ အကျိုးအာနိသင်များ

မြန်မာ့တိုင်းရင်းဆေးကျမ်းများအရ သနပ်ခါးသည် ပူခါး၊ သွေးကိုကြွစေ၏၊ ပူခါးချိုပွင့်ဖြစ်၏၊ ငန်းမန်းကို နိုင်၏၊ အပူနာ အအေးနာ နှစ်မျိုးလုံးတွင် သုံးနိုင်သည်ဟု ဆိုသည်။ သနပ်ခါး၏ အစိတ်အပိုင်းအလိုက် ဆေးဖက်ဝင်ပုံမှာ –

(၁) အပွေး(အခေါက်)သည် ရောင်ရမ်းမှုကို သက်သာစေပြီး မျက်နှာအသားအရေကို နုပျိုစေကာ ဝက်ခြံကြောင့်ဖြစ်သော အမာရွတ်များကို သက်သာစေသည်။

(၂) အမြစ်သည် ဝမ်းဗိုက်နာခြင်းနှင့် သားအိမ်ရောဂါများ၊ နှလုံးရောဂါအတွက် နှလုံးအားပေးဆေးအဖြစ် သုံးပါသည်။

(၃) အသီးသည် အဆိပ်ဖြေဆေးနှင့် ကျောက်ရောဂါ ကာကွယ်ဆေးအဖြစ် အသုံးပြုကြပါသည်။

(၄) အရွက်ကို ဝက်ရူးပြန်ရောဂါကာကွယ်ဆေး၊ အနာကြီးရောဂါနှင့် ငှက်ဖျားရောဂါပျောက်ဆေးများတွင် သုံးသည်။

ခေတ်ခွဲခန်း သုတေသနပြုချက်များအရ–

(၁) အိုမင်းရင့်ရော်မှုကို တားဆီးပေးနိုင်စွမ်း (Anti-aging) ရှိပြီး ဆဲလ်သေများကို ဖယ်ရှားကာ အသားအရေကို တင်းရင်းဖြူစင်စေပါသည်။

(၂) နေရောင်ခြည်တွင် ပါဝင်သော ခရမ်းလွန်ရောင်ခြည် (UV) ဒဏ်ကို အစွမ်းထက်စွာ ကာကွယ်ပေးနိုင်သဖြင့် နေလောင်ခြင်းနှင့် အရေပြားကင်ဆာဖြစ်ပွားခြင်းတို့မှ အကာအကွယ်ပေးပါသည်။

(၃) ဗက်တီးရီးယားနှင့် မှိုများကို သေစေနိုင်သဖြင့် ဝက်ခြံ၊ တင်းတိပ်၊ ဆားဝက်ခြံနှင့် အမည်းစက်များကို ပျောက်ကင်းစေပြီး အသားအရေကို သဘာဝအတိုင်း အေးမြလန်းဆန်းစေပါသည် ။

### မျိုးဆက်သစ်လက်ဆင့်ကမ်းမှုနှင့် အနာဂတ်ထိန်းသိမ်းစောင့်ရှောက်ရေး

ယခင်က သနပ်ခါးကို မိရိုးဖလာအတိုင်း အိမ်တွင်း၌သာ အဓိက လက်ဆင့်ကမ်းခဲ့ကြသော်လည်း ယခုအခါ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာသော ကမ္ဘာ့အလှကုန်ဈေးကွက်နှင့်အညီ မြန်မာတို့သည် သနပ်ခါးကို ရိုးရာသွေးရုံတင်မကဘဲ လူသားတို့၏ တီထွင်ဖန်တီးမှုစွမ်းရည် (Human Creativity) ကို အသုံးပြုကာ သနပ်ခါးမိတ်ကပ်၊ သနပ်ခါး ပေါင်ဒါနှင့် ရေမွှေးများအဖြစ် ခေတ်မီစွာ ထုတ်လုပ်သုံးစွဲလာကြပြီဖြစ်ပါသည်။

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိသနပ်ခါး စိုက်ပျိုးထုတ်လုပ်သူများ စုပေါင်း၍ "မြန်မာနိုင်ငံ သနပ်ခါးအသင်း"ကိုဖွဲ့စည်းခဲ့ပြီး *စာမျက်နှာ ၁၁ သို့*

**❝ မြန်မာ့သနပ်ခါးလိမ်းသည့် ဓလေ့သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ သဘာဝတရားနှင့် လူသားတို့ လိုက်လျောညီထွေနေထိုင်တတ်သည့် အသိပညာကို ပြသနေသော အကောင်းဆုံးပြယုဂ်ဖြစ်ပါသည်။ ဤယဉ်ကျေးမှုဓလေ့အား ယူနက်စကို (UNESCO)၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage of Humanity) စာရင်းသို့ တင်သွင်းခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ မတူကွဲပြားသော ယဉ်ကျေးမှုများအကြား အပြန်အလှန်လေးစားမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး မြန်မာတို့၏ ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းလာခဲ့သော ရိုးရာအနုပညာနှင့် ဓလေ့စရိုက်သည်လည်း နောင်နှစ်ပေါင်းထောင်ချီတိုင်အောင် ကမ္ဘာ့အလယ်တွင် ဆက်လက်တောက်ပနေမည် ❞**

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၆-၂၀၂၇ ပညာသင်နှစ်”
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/ လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/ လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့်ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## ပညာရေးဝန်ကြီးဌာန
## “၂၀၂၆-၂၀၂၇ ပညာသင်နှစ်”
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG)

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ (၁)စုံ

(ခ) ပထမတန်း (Grade 1)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ (ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ စက်မှုအတတ်ပညာ ၁၃။ အခြေခံစိုက်ပျိုးရေးပညာ ၁၄။ အခြေခံမွေးမြူရေးပညာ ၁၅။ ဗလာစာအုပ် (၁)ဒါဇင် ၁၆။ ဘောပင် (၂)ချောင်း ၁၇။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ (ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ(၂) ချောင်း

(ဋ) ဒသမတန်း (Grade 10)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ) ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ (ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဘဝ တွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ (ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12)

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁) ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

*စာမျက်နှာ ၁၀ မှ*

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာမြှင့်တင်ခြင်း၊ သင်တန်းများနှင့် ဟောပြောပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ချမ်းအေးလှသည့် ဆောင်းရာသီ တပို့တွဲလပြည့်နေ့တွင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မြတ်စွာဘုရားရှင်အား နံ့သာမီးဖြင့် ပူဇော်ကြသည့်အစဉ်အလာကို အခြေပြု၍ ၂၀၂၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ “တပို့တွဲလပြည့်နေ့” ကို “မြန်မာ့သနပ်ခါးနေ့”အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

မြန်မာ့သနပ်ခါးလိမ်းသည့် ဓလေ့သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိဘဲ သဘာဝတရားနှင့် လူသားတို့ လိုက်လျောညီထွေနေထိုင်တတ်သည့် အသိပညာကို ပြသနေသော အကောင်းဆုံးပြယုဂ်ဖြစ်ပါသည်။ ဤယဉ်ကျေးမှုဓလေ့အား ယူနက်စကို (UNESCO) ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage of Humanity) စာရင်းသို့ တင်သွင်းခြင်းဖြင့် ကမ္ဘာတစ်ဝန်းရှိ မတူကွဲပြားသော ယဉ်ကျေးမှုများအကြား အပြန်အလှန်လေးစားမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ပြီး မြန်မာတို့၏ ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းလာခဲ့သော ရိုးရာအနုပညာနှင့် ဓလေ့စရိုက်သည်လည်း နောင်နှစ်ပေါင်းထောင်ချီတိုင်အောင် ကမ္ဘာ့အလယ်တွင် ဆက်လက်တောက်ပနေမည်ဖြစ်ပါသည်။ မိမိတို့၏ ထူးခြားလှသော မြန်မာ့သနပ်ခါးယဉ်ကျေးမှုအမွေအနှစ်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ မြန်မာနိုင်ငံသား အားလုံး၏ တာဝန်ပင် ဖြစ်ပါတော့သည်။

**ကျမ်းကိုးစာရင်း**


ဂျာနယ် အော့ဖ် အက်သနိုဖာမာကော်လိုဂျီ.(၂၀၁၀)။ Evaluation of anti-bacterial, anti-oxidant and UV-protective properties of Thanakha (Hesperethusa crenulata) bark [သနပ်ခါးအခေါက်၏ ဗက်တီးရီးယား ဆန့်ကျင်မှု၊ အောက်ဆီဂျင် ဓာတ်တိုးဆန့်ကျင်မှုနှင့် ခရမ်းလွန်ရောင်ခြည် ကာကွယ်နိုင်စွမ်း ဂုဏ်သတ္တိများအား ဆန်းစစ်လေ့လာခြင်း]။ Journal of Ethno-pharmacology, 131(၂), ၁၄၁-၁၄၈။

တင်မောင်ညွန့်၊ ဒေါက်တာ. (၂၀၁၅)။ မြန်မာ့တိုင်းရင်းဆေးနှင့် ဆေးဖက်ဝင်အပင်များ။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန။

မြန်မာနိုင်ငံသနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း. (၂၀၂၃)။ မြန်မာ့သနပ်ခါးနေ့ အထိမ်းအမှတ်ထုတ်ဝေသော စာစောင် (ရှင်မတောင်နှင့် ရွှေဘိုသနပ်ခါးအကြောင်း၊ မြန်မာ့သနပ်ခါးနေ့ သတ်မှတ်ခြင်းဆိုင်ရာ အချက်အလက်များ)။ မြန်မာနိုင်ငံသနပ်ခါးအသင်း။

မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၃). (၁၉၇၃)။ သနပ်ခါးနှင့် ကျောက်ပျဉ်သမိုင်းကြောင်း၊ ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက်များ။ စာပေဗိမာန်ပုံနှိပ်တိုက်။

မောင်သိန်းဇံ.(၂၀၀၀)။ မြန်မာ့ရိုးရာ သနပ်ခါးယဉ်ကျေးမှုနှင့် ဆေးဖက်ဝင်ပုံများ။ နံ့သာ စာပေ။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန. (n.d.)။ ပုဂံခေတ်နံရံဆေးရေးပန်းချီများရှိ မြန်မာ့ရိုးရာ ဓလေ့ထုံးစံများ သုတေသနစာတမ်း (နဂါးရုံဘုရား၊ ဂူပြောက်ကြီးနှင့် စူဠာမဏိဘုရားများမှ သနပ်ခါးသမိုင်းအထောက်အထားများ)။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန။

ဦးသာလှ. (၁၉၇၄)။ မြန်မာ့သနပ်ခါး။ သစ်တောဦးစီးဌာန။

National Botanical Research Institute (NBRI). (n.d.). Phytochemical and Pharmacological review on Limonia acidissima (L.) [သနပ်ခါး၏ ရုက္ခဗေဒအမည်နှင့် ဓာတ်ခွဲခန်းပြ သိပ္ပံနည်းကျ အကျိုးအာနိသင်များ ဆန်းစစ်ချက်]။ NBRI Research Journal.

# မြို့နယ်အသီးသီး၌ ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာ စိုက်ထူ

နေပြည်တော်    မေ    ၂၃

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းနေအရွယ် ကလေးများအားလုံး ရာနှုန်းပြည့် ကျောင်းအပ်နှံနိုင်ရေးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ် မြေစိုက်ပိုစတာစိုက်ထူခြင်းကို ဌာနဆိုင်ရာများ ပူးပေါင်း၍ မေ ၂၁ ရက်က မြို့နယ်အသီးသီး၌ ဆောင်ရွက်ခဲ့သည်။


ငွေဆောင်မြို့
ငွေဆောင်(ပြန်/ဆက်)


အုတ်တွင်းမြို့နယ်
ခင်ခင်မာ(ပြန်/ဆက်)


မိုင်းပျဉ်းမြို့
နန်းသန္တာဦး(ပြန်/ဆက်)


သထုံမြို့နယ်
ခရိုင်(ပြန်/ဆက်)


ကံမမြို့နယ်
ကျော်ဇေယျဝင်း(ကံမ)



ပင်လောင်းမြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုင်းယန်းမြို့နယ်
ထွန်းထွန်းထူး


သာစည်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မိုးညှင်းမြို့
ရွှေမိုးညှင်း


ဘိုကလေးမြို့နယ်
မိုးစက်(ဘိုကလေး)


ချောင်းဆုံမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၃ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစဉ်။ ကိုကျော်(ချောင်းဆုံ)

## ဇေယျာသီရိမြို့နယ်၌ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက် နည်းပညာပေးသင်တန်းဖွင့်

နေပြည်တော်    မေ    ၂၃

ဇေယျာသီရိမြို့နယ် ရေဆင်းငါးလုပ်ငန်းစခန်း၌ မေ ၁၈ ရက်က အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက် နည်းပညာပေးသင်တန်း ဖွင့်လှစ်ရာ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် စခန်းတာဝန်ခံ ဒေါ်မိုးသီတာက အခြေခံငါးမွေးမြူရေး၊ မျိုးငါးရွေးချယ်ထိန်းသိမ်းခြင်း၊ အခြေခံဆေးထိုးသားဖောက်ခြင်းတို့ကို သင်တန်းသူ သင်တန်းသား ၂၀ အား စာတွေ့၊ လက်တွေ့ သင်ကြားပေးသည်။

သတင်းစဉ်



**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

## အမေရိကန်အမျိုးသားထောက်လှမ်းရေး အကြီးအကဲ ရာထူးမှ နုတ်ထွက်မည်




**ဝါရှင်တန် မေ ၂၃**

အမေရိကန် အမျိုးသားထောက်လှမ်းရေး ညွှန်ကြားရေးမှူး တူလ်ဆီဂက်ဘတ်ဒ်သည် ခင်ပွန်းသည်၏ ကျန်းမာရေးအခြေအနေကြောင့် လာမည့် ဇွန် ၃၀ ရက်တွင် ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ဂက်ဘတ်ဒ်သည် ၎င်း၏နုတ်ထွက်စာကို မေ ၂၂ ရက်တွင် ဆိုရှယ်မီဒီယာတွင် တင်ခဲ့သည်။ အမေရိကန် သမ္မတဒေါ်နယ်ထရမ့်ထံ လိပ်မူပေးပို့သောစာတွင် ၎င်း၏ခင်ပွန်းသည်မှာ မကြာသေးမီက ကင်ဆာရောဂါစစ်ဆေးတွေ့ရှိသောကြောင့် ယင်းရောဂါဝေဒနာကို တိုက်ဖျက်ရာ၌ ခင်ပွန်းသည်အနီးတွင်နေပြီး အပြည့်အဝကူညီပံ့ပိုးပေးနိုင်ရန် အများပြည်သူဆိုင်ရာဝန်ဆောင်မှုများမှ ခေတ္တအနားယူရပါလိမ့်မည်ဟု ရှင်းပြထားသည်။

ဂက်ဘတ်ဒ်သည် အောက်လွှတ်တော်အမတ်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ၂၀၂၂ ခုနှစ်တွင် ဒီမိုကရက်တစ်ပါတီမှ နုတ်ထွက်ခဲ့သည်။ ၎င်းသည် ၂၀၂၄ သမ္မတရွေးကောက်ပွဲတွင် ထရမ့်ကို ထောက်ခံခဲ့ပြီး ရီပတ်ဘလစ်ကန်ပါတီသို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် ဂက်ဘတ်ဒ်သည် အမျိုးသားထောက်လှမ်းရေးအကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ဂက်ဘတ်ဒ်သည် ယခုနှစ်အစောပိုင်းတွင် ပြည်ထဲရေးလုံခြုံရေးဝန်ကြီး၊ ရှေ့နေချုပ်တို့အပါအဝင် အစိုးရအဖွဲ့ဝင် သုံးဦးနုတ်ထွက်သွားပြီးနောက် ထရမ့်၏ သမ္မတ ဒုတိယသက်တမ်းအတွင်း လေးဦးမြောက် ဖြစ်လာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တရုတ်၏ လာမည့်လကမ္ဘာစူးစမ်းလေ့လာရေးယာဉ် လ၏ တောင်ဝင်ရိုးစွန်းသို့ ဆင်းသက်ရန် ရည်ရွယ်

**ကျိုချွမ်း မေ ၂၃**

တရုတ်နိုင်ငံက ယခုနှစ် ဒုတိယနှစ်ဝက်အတွင်း လွှတ်တင်ရန် စီစဉ်ထားသော Chang'e-7 လကမ္ဘာစူးစမ်းလေ့လာရေးယာဉ်သည် လ၏ တောင်ဝင်ရိုးစွန်းတွင် ပတ်ဝန်းကျင်နှင့် အရင်းအမြစ်ဆိုင်ရာ အခြေအနေများကို လေ့လာဆန်းစစ်မှုများ လုပ်ဆောင်သွားမည်ဖြစ်ပြီး နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်လူလိုက်ပါ အာကာသအေဂျင်စီက မေ ၂၃ ရက်တွင် ပြောသည်။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများလုပ်ဆောင်**

Chang'e-7 လကမ္ဘာလေ့လာရေးယာဉ်ကို နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ်ရှိ လွှတ်တင်ရေးနေရာသို့ ယခုနှစ် ဧပြီလတွင် ပို့ဆောင်ထားပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာလုပ်ငန်းအားလုံးမှာ စီစဉ်ထားသည့်အတိုင်း တည်တည်ငြိမ်ငြိမ်ဖြင့် တိုးတက်လျက်ရှိကြောင်း အေဂျင်စီပြောရေးဆိုခွင့်ရှိသူ ရှောင်ကျင်းဘိုက ပြောသည်။

**လကမ္ဘာသို့ လူသားများစေလွှတ်နိုင်ရန်ရည်မှန်းထား**

တရုတ်နိုင်ငံသည် ယခုလူလိုက်ပါခြင်းမရှိသည့် လကမ္ဘာစူးစမ်းလေ့လာရေးမစ်ရှင်အပြင် ၂၀၃၀ ပြည့်နှစ်တွင် လကမ္ဘာသို့ လူသားများ စေလွှတ်ဆင်းသက်နိုင်ရန်လည်း ရည်မှန်းထားသည်။

**ဆင်ဟွာ**

## ကယ်လီဖိုးနီးယားပြည်နယ်၌ ဓာတုယိုစိမ့်မှုဖြစ်ပေါ်ပြီးနောက် လူပေါင်း ၄၀၀၀၀ ကို ဘေးလွတ်ရာသို့ပြောင်းရွှေ့ရန် အမိန့်ထုတ်

**လော့စ်အိန်ဂျလိစ် မေ ၂၃**

ကယ်လီဖိုးနီးယား ပြည်နယ်တောင်ပိုင်း၌ လေယာဉ်ပစ္စည်း ထုတ်လုပ်ရေးစက်ရုံ ဓာတုပစ္စည်း သိုလှောင်ကန်ယိုစိမ့်မှု ဖြစ်ပေါ်ပြီးနောက် ကြီးမားသည့်ပေါက်ကွဲမှု သို့မဟုတ် အဆိပ်သင့်မှုဖြစ်ပွားနိုင်သည့်အတွက် မေ ၂၂ ရက်တွင် ဒေသခံ ၄၀၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်ထုတ်ထားကြောင်း အာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။

အော်ရိန်းခရိုင် ဂါဒင်းဂရို့ဗ်မြို့ရှိ စက်ရုံ၌ မေ ၂၁ ရက်မွန်းလွဲပိုင်းက ဓာတုယိုစိမ့်မှုစတင်ဖြစ်ပေါ်ခဲ့ပြီး အက်ခရီလစ် ပလတ်စတစ် ထုတ်လုပ်ရာတွင် အသုံးပြုသော မီးလောင်လွယ်သည့် ဓာတုပစ္စည်း မီသိုင်းမီသာခရိုင်လိတ်(အမ်အမ်အေ) သိုလှောင်ရာကန်၌ အပူလွန်ကဲမှုဖြစ်ပေါ်ပြီး ကန်တစ်ခုလုံးမှ အန္တရာယ်ရှိသည့် အငွေ့များ စတင်ထွက်လာခြင်းဖြစ်သည်။ အဆိုပါစက်ရုံကို GKN အဲရိုစပေ့စ် လည်ပတ်နေခြင်းဖြစ်ပြီး စုစုပေါင်းသိုလှောင်ကန်သုံးခုပါဝင်သည်။ သိုလှောင်ကန်သုံးခုအနက်မှ တစ်ခုမှာ အအေးပေးစနစ် ပျက်စီးသွားခြင်းဖြစ်သည်ဟု အာဏာပိုင်များက ပြောသည်။



အစပိုင်းတွင် အရေးပေါ်ကယ်ဆယ်ရေး လုပ်သားများက အခြေအနေကို တည်ငြိမ်အောင် ပြုလုပ်နိုင်ပြီဟု ယူဆခဲ့ကြသည်။ သို့သော် အခြေအနေဆိုးရွားလာသည့်အတွက် မေ ၂၂ ရက်တွင် အာဏာပိုင်များက ဘေးလွတ်ရာသို့ ပြောင်းရွှေ့မိန့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ မြို့အတွင်းရှိ စာသင်ကျောင်းများ အားလုံးကိုလည်း ပိတ်ထားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အိုင်အက်စ် သံသယရှိသူ ၁၀ ဦး တူကီယဲ ဖမ်းဆီး

**အစ္စတန်ဘူလ် မေ ၂၃**

တူကီယဲထောက်လှမ်းရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆီးရီးယားနှင့် ပူးပေါင်းဆောင်ရွက်သည့် နယ်စပ်ဖြတ်ကျော်စစ်ဆင်ရေးတစ်ခုအတွင်း အိုင်အက်စ်အုပ်စု၏ အဖွဲ့ဝင်များဟု သံသယရှိသူ ၁၀ ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း တူကီယဲနိုင်ငံပိုင်ရေဒီယို တီအာတီက မေ ၂၃ ရက်တွင် ထုတ်လွှင့်ခဲ့သည်။

**အိုင်အက်စ်နှင့်ပူးပေါင်းပါဝင်**

သံသယရှိသူအားလုံးမှာ တူကီယဲဇာတိများဖြစ်ကြပြီး ဆီးရီးယားအတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ပြီးနောက် အိုင်အက်စ်နှင့် ပူးပေါင်းပါဝင်ခဲ့သည်ဟု ပြောဆိုချက်များအရ သိရသည်။

စုံစမ်းစစ်ဆေးမှုများအရ သံသယရှိသူများထဲမှ တစ်ဦးမှာ ၂၀၁၅ ခုနှစ်က အင်ကာရာ ရထားဘူတာရုံ၌ ဗုံးခွဲတိုက်ခိုက်မှုနှင့်ပတ်သက်၍ ဆက်စပ်မှုရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်**

တူကီယဲအာဏာပိုင်များသည် ၂၀၁၃ ခုနှစ်က အိုင်အက်စ်ကို အကြမ်းဖက်အဖွဲ့အစည်းတစ်ခုအဖြစ် တရားဝင်သတ်မှတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၌ အအေးခံဇုန်များပြုလုပ်၍ ပြင်းထန်သည့်အပူချိန်ကို ရင်ဆိုင်ရန် ပြင်ဆင်

**နယူးဒေလီ မေ ၂၃**

အိန္ဒိယနိုင်ငံတစ်ဝန်း မကြာသေးမီရက်ပိုင်းများအတွင်း ရာသီဥတုပြင်းထန်လျက်ရှိပြီး အပူလျော့မည့် လက္ခဏာမရှိသဖြင့် ဒေသခံများနှင့် လာရောက်လည်ပတ်သူများအတွက် အပူသက်သာရေးလုပ်ဆောင်မှုများကို အာဏာပိုင်များက လုပ်ဆောင်ပေးလျက်ရှိသည်။

ယခုသီတင်းပတ်အစမှ စတင်၍ အိန္ဒိယနိုင်ငံအလယ်ပိုင်း၊ မြောက်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် အပူလှိုင်းကျရောက်လျက်ရှိသည်။ မေ ၂၀ ရက်တွင် မြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ အပူချိန် ၄၈ ဒီဂရီ ဆဲစီးရပ်စ်ရှိပြီး ယခုနှစ်အတွက် စံချိန်တင်အပူချိန်ပင် ဖြစ်သည်။ မေ ၂၂ ရက်တွင် နယူးဒေလီ၌ အပူချိန် ၄၃ ဒီဂရီအထိရောက်ရှိခဲ့ပြီး ဒေသခံအချို့ အပူရှပ်ခြင်းကြောင့်ဆေးရုံတင်ထားရကြောင်း သိရသည်။

မြို့တော်အစိုးရက မကြာသေးမီအချိန်အတွင်း အအေးခံဇုန်များဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါဇုန်များတွင် ပန်ကာများ၊ သောက်ရေသန့်များ တပ်ဆင်ပေးထားသည့် ယာယီတဲငယ်များပါဝင်သည်။

အဆိုပါ အအေးခံဇုန်များသို့ လာရောက်သူများကို အာဏာပိုင်များက ဓာတ်ဆားရည်များ ဖြန့်ဝေပေးလျက်ရှိသည်။ အအေးခံဇုန်သို့လာရောက်သည့် အမျိုးသားတစ်ဦးက ယခုကဲ့သို့ အအေးခံဇုန်များ နေရာအနှံ့လုပ်ဆောင်ပေးရန် မျှော်လင့်ကြောင်း ပြောသည်။

ရေဓာတ်ခန်းခြောက်ခြင်းနှင့် အပူရှပ်ခြင်းတို့ကြောင့် ရောက်ရှိလာမည့် လူနာများအတွက် ပြင်ဆင်ထားကြရန်လည်း နယူးဒေလီအစိုးရက ဆေးရုံများကို အကြံပြု တိုက်တွန်းထားသည်။ အိန္ဒိယနိုင်ငံတစ်ဝန်း နှစ်စဉ် ယခုအချိန်မျိုးတွင် အပူလှိုင်းကျရောက်လေ့ရှိပြီး အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လေ့ရှိသည်။ အပူရှိန်အမြင့်ဆုံးအချိန်များတွင် အိမ်ထဲ၌နေရန်နှင့် ရေဓာတ်ပြည့်ဝစွာနေရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## မော်ရိုကိုနိုင်ငံ၌ အဆောက်အအုံပြိုကျမှုဖြစ်ပွားရာ သေဆုံးသူ ၁၅ ဦးရှိ

**ရာဘတ် မေ ၂၃**

မော်ရိုကိုနိုင်ငံ မြောက်ပိုင်း ဖက်ဇ်မြို့၌ လူနေအဆောက်အအုံပြိုကျမှုဖြစ်ပွားပြီးနောက် သေဆုံးသူပေါင်း ၁၅ ဦးရှိပြီဖြစ်ကြောင်း တရားဝင် သတင်းအေဂျင်စီ အမ်အေပီက မေ ၂၂ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါမြို့၏ တောင်ဘက်လူနေထူထပ်သော အင်နေ့ခ်ဘီရပ်ကွက်အတွင်း အခန်းပေါင်း ၁၁ ခန်းရှိပြီး ရှစ်ခန်းတွင် လူနေထိုင်သည့် ခြောက်ထပ်တိုက်အဆောက်အအုံတစ်လုံး မေ ၂၁ ရက် အစောပိုင်းက ပြိုကျမှုဖြစ်ခဲ့ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများအောက်မှ သေဆုံးသူ ၁၃ ဦးကို ပြန်လည်ဆယ်ယူခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရာ နှစ်ဦးထပ်မံသေဆုံးခဲ့ကြောင်း အေဂျင်စီက ထုတ်ပြန်ထားသည်။

တရားစီရင်ရေး ဆိုင်ရာရဲတပ်ဖွဲ့က အဆောက်အအုံပြိုကျရသည့် အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



# ၂၀၂၆ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော်  မေ ၂၃

နေပြည်တော်သို့ရောက်ရှိနေသော ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၂၆)မှ သင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများသည် ယနေ့ နံနက်ပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ရှိ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ တန်ခိုးကြီးဘုရား၊ စေတီ၊ ပုထိုးများ၏ ပုံစံငယ်များ၊ အထင်ကရနေရာများ၊ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာအထိမ်းအမှတ်ပြယုဂ်များကို သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး သင်တန်းသား သင်တန်းသူများ၏ သိရှိလိုသည်များမေးမြန်းမှုကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

မွန်းလွဲပိုင်းတွင် အဆိုပါသင်တန်းသား သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများသည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အလားတူ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀) နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသား သင်တန်းသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် ဆရာ ဆရာမများသည် နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက သမိုင်းကြောင်းနှင့် ရုပ်ပွားတော်မြတ်ကြီး ထုဆစ်ရန်အတွက် စကျင်ကျောက်တုံးကြီးများအား ကုန်းလမ်း၊ ရေလမ်းမှ အဆင့်ဆင့်သယ်ဆောင်ခဲ့ရပုံနှင့် တည်ထားကိုးကွယ်မှုဆိုင်ရာ လုပ်ဆောင်ပုံ အဆင့်ဆင့်တို့ကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဘုရားပရိဝုဏ်အတွင်းရှိ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံတော်လာ အဋ္ဌကထာဋီကာကျမ်းစာများကို ထုဆစ်ပူဇော်ထားသည့် ကျောက်စာချပ်များတည်ရှိရာ ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒအိုင်နှင့် နဂါးရုံဘုရားတို့အား လေ့လာဖူးမြော်ကြည်ညိုကြသည်။ ထို့ပြင် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးနှင့် မော်ကွန်းတိုက်၊ သုဓမ္မာဇရပ်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ဗောဓိညောင်ပင်၊ လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များအား လေ့လာကြည့်ရှုကြသည်။ ထို့နောက် သင်တန်းသားများက စုပေါင်းအလှူငွေများပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။


မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ လေကြောင်းလူငယ်သင်တန်းသားများအား အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် ကျောင်းများအားလုံးတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းဆိုင်ရာ အချက်အလက်များ၊ အလုပ်အကိုင်အခွင့်အလမ်းများ၊ ဦးစီးဌာနမှ ဖွင့်လှစ်ထားသော ကျောင်းများ၊ သင်တန်းအမျိုးအစားများနှင့် သင်တန်းကာလများ၊ အသက်မွေးဝမ်းကျောင်းပညာ ကာလတိုသင်တန်းများ၏ ဝင်ခွင့်သတ်မှတ်ချက်များ၊ သင်တန်းအမျိုးအစားများနှင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ညနေပိုင်းတွင် နိုင်ငံတော်အတွက် သက်စွန့်ဆံဖျား ပေးဆပ်ခဲ့ကြသူများ၏ ရဲစွမ်းသတ္တိများ၊ သမိုင်းမော်ကွန်းများကို မှတ်တမ်းတင်ဂုဏ်ပြုထားရာ သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်၍ သူရဲကောင်းစစ်သည်တော်ကြီးများ၏ ကမ္ပည်းအမည်စာရင်းများ၊ ကျောက်စာတိုင်များ၊ ခေတ်အဆက်ဆက် အမိနိုင်ငံတော်ကိုကာကွယ်ရင်း အသက်ပေးလှူခဲ့ကြသည့် စစ်သည်တော်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကမ္ပည်းမော်ကွန်းများ၊ အမြင့်ဆုံးရဲစွမ်းသတ္တိဘွဲ့တံဆိပ်ရရှိသူများ၏ ဂုဏ်ပြုမှတ်တမ်းကျောက်စာများ၊ ထာဝရမီးရှူးတိုင် (Eternal Flame)၊ သမိုင်းဝင်တိုက်ပွဲမှတ်တမ်းဓာတ်ပုံများနှင့် ပန်းချီကားများ၊ ကြေးသွန်းရုပ်တုများ၊ ကျောက်ဆစ်လက်ရာများနှင့် ဗိမာန်အတွင်းရှိ သမိုင်းမှတ်တမ်းများအား ကြည့်ရှုလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

ကျန်ရှိသည့် ဓာတ်အားခွဲရုံများနှင့် မဟာ ဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများထမ်းဆောင်နေကြရသည်ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှု ကွန်ရက်ကြီးသည် နည်းပညာဆိုင်ရာ စွန့်စားရမှုများစွာနှင့်အတူ ပြည်သူများ၏ လိုအပ်ချက်ကို ကြိုးစားဖြည့်ဆည်းနေရသည့် အခြေအနေဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့ရစဉ်။



လျှပ်စစ်ဓာတ်အားပေးစနစ်တစ်လျှောက် ဖျက်ဆီးခံရမှုကို တွေ့ရစဉ်။



ဓာတ်အားပေးစက်ရုံများသို့ ပို့လွှတ်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ဖျက်ဆီးခံရမှုကို တွေ့ရစဉ်။



လျှပ်စစ်ဓာတ်အားစနစ် ပြင်ဆင်နေမှုများကို တွေ့ရစဉ်။





သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ ပြင်ဆင်နေမှုများကို တွေ့ရစဉ်။

---

❖ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ကိုးဂိုး-ဂိုးမရှိ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးဂိုး- ဂိုးမရှိ၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို လေးဂိုး- ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**အားကစားမြင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# တွံတေးမြို့နယ်၌ ရေချိုပုစွန်တုပ်ကြီးသားဖောက်ခြင်းနှင့် အသားတိုးမွေးမြူခြင်း အခြေခံသင်တန်းဖွင့်

**တွံတေး မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) ကျောင်း၌ ဇီဝလုံခြုံမှုအစီအမံကို အကောင်အထည်ဖော်၍ ရေချိုပုစွန်



တုပ်ကြီးသားဖောက်ခြင်းနှင့် အသားတိုးမွေးမြူခြင်း အခြေခံသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းခန်းမ၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက အမှာစကားပြောကြားသည်။

ထို့နောက် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးက ငါးလုပ်ငန်းဦးစီးဌာနနှင့် ပြင်ပနည်းပညာရှင်များအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး စီမံကိန်းတာဝန်ခံဒေါက်တာ အောင်နိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းတွင် ရေချိုပုစွန်တုပ်ကြီးသားဖောက်ခြင်း၊ ဇီဝလုံခြုံမှု၊ အသားတိုးမွေးမြူခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်း၊ ရေချိုပုစွန်တုပ်ကြီးသားပေါက်ပျိုးခြင်းများကို သင်ကြားခဲ့သည်။ **မျိုးလှိုင်(တွံတေး)**

# ရတနာပုံတက္ကသိုလ်၌ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဆင်းပွဲ ကျင်းပ

**မန္တလေး မေ ၂၃**

အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်က ကြီးမှူး၍အင်္ဂလိပ်စာဌာနမှ ဦးစီးပြီး အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့မှ မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါ တက္ကသိုလ်ရှိ အားကစားခန်းမ-၂ ၌ ကျင်းပရာ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ တင့်မိုးသူဇာက သင်တန်းဆင်းဂုဏ်ပြု အမှာစကား ပြောကြားပြီး အမရပူရ မြို့နယ်မှ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်သည်။



ထို့နောက် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်၊ ဆုရ သင်တန်းသားများအား ဆုများနှင့် သင်တန်းပို့ချပေးခဲ့သည့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်-မန္တလေး**

# လှိုင်းဘွဲမြို့၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ သင်တန်းဖွင့်

**လှိုင်းဘွဲ မေ ၂၃**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်းများတွင် သင်ကြားမည့် အခြေခံပညာအလယ်တန်းအဆင့်



စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်ဆိုင်ရာ မြို့နယ်အဆင့် သင်ကြားပို့ချပေးခြင်းကို ယမန်နေ့က လှိုင်းဘွဲမြို့ အထက်တန်းကျောင်းခွဲ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို လှိုင်းဘွဲမြို့နယ်အတွင်းရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းများ၊ အခြေခံပညာအလယ်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းတို့မှ ဆရာ ဆရာမ ၁၁၃ ဦးတို့အား သင်တန်းနည်းပြကိုးဦးတို့ဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် သင်ကြားမည့် (Grade-6) ကျောင်းသား ကျောင်းသူများအတွက် အခြေခံမွေးမြူရေးပညာရပ်များ၊ အခြေခံစိုက်ပျိုးရေး ပညာရပ်များနှင့် အခြေခံစက်မှုပညာရပ်များကို မေ ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **စောဒီ(ပြန်/ဆက်)**

# မအူပင်မြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးနှင့် စုဖွဲ့ထားရှိမှုအခြေအနေများ ဆွေးနွေး

**မအူပင် မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ သဘာဝဘေး အန္တရာယ်ဆိုင်ရာ အရေးပေါ်ရှာဖွေ ကယ်ဆယ်ရေး နည်းလမ်းများနှင့် စုဖွဲ့ထားရှိမှုအခြေအနေများ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မအူပင်ခရိုင်မီးသတ်ဦးစီးမှူးက သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး နည်းလမ်းများနှင့် သန္နေမီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ ပူးပေါင်းစုဖွဲ့ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူးက သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အရန်မီးသတ် ဒုတိယတပ်ရင်းမှူးက တပ်ဖွဲ့ဝင်များအား စေတနာ့ဝန်ထမ်းများ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းခဲ့သည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# မုဒုံမြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**မုဒုံ မေ ၂၃**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နိုင်းပြိုင်နှင့် ဘလောက်ညောင်ဝိုင်းကျေးရွာ၌ ဆောင်ရွက်သည့် လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန္ဒာဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက နိုင်းပြိုင်ကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၇၇ သန်းဖြင့် ကုန်ထုတ်လမ်း အဝင်လမ်း အရှည် ပေ ၁၁၀၀၊ အကျယ် ၁၂ ပေ x ဒု ၉ လက်မ ကုန်ထုတ်လမ်း၊ ဘလောက်ညောင်ဝိုင်းကျေးရွာတွင် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ်



၃၈ ဒသမ ၃၄ သန်းဖြင့် ပြည်နယ်ကျေး/လက်မှ ဆောင်ရွက်သည့် မြေသားရေကန် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို စစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ရာမည (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



# ကျိုက္ခမီမြို့၌ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဖွင့်

**ကျိုက္ခမီ မေ ၂၃**

မွန်ပြည်နယ် ကျိုက္ခမီမြို့၌ ပင်လယ်ငါးဖမ်းရေလုပ်သားများအတွက် အခြေခံလုပ်ငန်းကျွမ်းကျင်မှုသင်တန်း(၁/၂၀၂၆)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့လယ်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အဖွဲ့ဝင်က သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကျန်းမာရေးအသိပညာပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း၊ ရှေးဦးသူနာပြုစုခြင်း၊ မျိုးသုဉ်းရှားပါးရေနေ နို့တိုက်သတ္တဝါများ ထိန်းသိမ်းခြင်းနှင့် ရေသယံဇာတထိန်းသိမ်းခြင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ခြင်း၊ လုပ်ငန်းခွင်အတွင်း မီးဘေးကြိုတင်ကာကွယ်ခြင်း စသည့်အကြောင်းအရာများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဓနုဖြူမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဆွေးနွေး

**ဓနုဖြူ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဆကာကြီးတိုက်နယ်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်နိုင်ဝင်းက မှုခင်းကျဆင်းရေးနှင့် ရဲတပ်ဖွဲ့ဆောင်ရွက်ရမည့်အစီအမံကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ဆကာကြီးနယ်မြေရဲစခန်းမှူး ရဲအုပ် အေးကိုက လူသတ်မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ ဖောက်ထွင်းမှုများကို အသိပညာပေးဟောပြောပြီး ဆကာကြီးနယ်မြေရဲစခန်းမှ အမှုစစ် ဒုရဲအုပ် ကျော်လင်းဗိုလ်က ယာဉ်စည်းကမ်း/လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့်အကြောင်းအရာများအား အသိပညာပေးဟောပြောခဲ့သည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



# ပလောက်မြို့၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ပလောက် မေ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ အမှတ် (၄)ရပ်ကွက် အလက(ခွဲ) ဝါးဇွမ်းအုပ်ကျောင်းခန်းမ၌ မှုခင်းကြိုတင်ကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ပလောက်နယ်မြေရဲစခန်းမှူး စိုးနိုင်က ဒေသခံပြည်သူများအနေဖြင့် တရားဥပဒေကို လေးစားလိုက်နာကြရန်၊ မှုခင်းများ မဖြစ်ပွားစေရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ သံသယဖြစ်ဖွယ်လူများနှင့် အခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန်နှင့် လူငယ်များအား မူးယစ်ဆေးဝါးနှင့် အကျင့်ပျက်မှုများမှ ကာကွယ်ထိန်းသိမ်းကြရန် စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

**ပလောက်(ပြန်/ဆက်)**

## ကျောင်းဖွင့်ချိန်တွင် ကျောင်းသားကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

နေပြည်တော် မေ ၂၃

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ အောင်ပန်းမြို့၊ ဟိုပုံးမြို့၊ ခိုလမ်မြို့၊ နမ့်စန်မြို့၊ ကျိုင်းတောင်းမြို့၊ လွိုင်လင်မြို့၊ လင်းခေးမြို့၊ မိုင်းပန်မြို့၊ လဲချားမြို့၊ မိုင်းနောင်မြို့နှင့် ကွန်ဟိန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ် ၁၀ မြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းဖွင့်ရာသီတွင် ကျောင်းသားကျောင်းသူများ သန့်ရှင်းသပ်ရပ်စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးတို့အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၂၃

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ပသီကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်လေးပါးနှင့်ဒေသခံပြည်သူ ၁၃၄ ဦးကို အဆိုပါကျေးရွာရှိ ပသီရွာဦးကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ အေးသုခမ္မဗိမာန်တော်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

